# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ဩဂုတ်လ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၁၇၂)၊ ၁၃၈၇ ခုနှစ် ၊ နယုန်လဆန်း ၂ ရက် ၊ ၂၈-၅-၂၀၂၅၊ ဗုဒ္ဓဟူးနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှု လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ဝန်ကြီးရုံးအဆောက်အအုံများအား ကြည့်ရှုစစ်ဆေး

## ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ရေရှည်ခိုင်ခံ့မှုရှိစေရန်နှင့် ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများဖြစ်စေရေးအတွက် စနစ်တကျတွက်ချက် တည်ဆောက်

နေပြည်တော် မေ ၂၇

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ညနေပိုင်းတွင် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး အဆောက်အအုံနှင့် အလုပ်သမားဝန်ကြီးဌာန ရုံးအဆောက်အအုံတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ သို့



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး အဆောက်အအုံကို ကြည့်ရှုစစ်ဆေးစဉ်။

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့် ထစ်ချုန်းရွာမည်

နေပြည်တော် မေ ၂၇

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဧလ

၂၀၂၅ ခုနှစ် ၊ မေ ၂၈ ရက်၊ ဗုဒ္ဓဟူးနေ့။

မန္တလေး

# စက်မှုကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးလျက်ရှိ

အမှတ်(၂) စက်မှုသင်တန်းကျောင်း(မန္တလေး)ကို စက်မှုဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Institute of Project Planning & Research Engineering International (IPPR)တို့ နှစ်နိုင်ငံစီးပွားရေးနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ၂၀၀၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။

ယခုတက်ရောက်မည့် အပတ်စဉ်သည် သင်တန်းကျောင်း အဆင့်မြှင့်တင်ပြီးနောက် ပထမဆုံးဖွင့်လှစ်သည့် အပတ်စဉ်ဖြစ်သည့်အတွက် စက်ပစ္စည်းကိရိယာများသည်လည်း ခေတ်မီသော စက်ပစ္စည်းအသစ်များဖြစ်ပြီး သင်ကြားပို့ချပေးမည့် ဆရာ၊ ဆရာမများသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် သင်တန်းတက်ရောက်ထားပြီး အတွေ့အကြုံရင့်ကျက်သည့် ဆရာ၊ ဆရာမများဖြစ်ကြောင်း၊ သင်တန်းတက်ရောက်မည့် မောင်တို့မယ်တို့အနေဖြင့် နိုင်ငံတော်၏ စေတနာကိုနားလည်ပြီး သင်တန်းကို အောင်မြင်ပြီးဆုံးအောင် တက်ရောက်ကြရန်နှင့် သင်ကြားပေးမည့် စာတွေ့၊ လက်တွေ့ သင်ခန်းစာများကို စိတ်ဝင်တစားအစွမ်းကုန် ကြိုးစားလေ့လာကြရန်၊ ယနေ့ကမ္ဘာ့စက်မှုနည်းပညာများသည် အလွန်ဖွံ့ဖြိုးတိုးတက်လျက်ရှိသဖြင့် အမီလိုက်နိုင်ရန် ကိုယ်သိရှိလိုက်သည့် ပညာရပ်ကိုအခြေခံပြီး တီထွင်ကြံဆနိုင်မှု၊ လေ့လာဆန်းသစ်မှု၊ စဉ်ဆက်မပြတ် သင်ယူလေ့လာမှုများကိုပြုလုပ်ရန်၊ သင်တန်းသားများအနေဖြင့် သင်တန်းကျောင်းမှချမှတ်ထားသောစည်းကမ်းများကို စနစ်တကျလေးစားလိုက်နာကြရန်၊ သင်တန်းကာလအတွင်း သင်ကြားပို့ချပေးသော ပညာရပ်များကို တတ်မြောက်ကျွမ်းကျင်ရန်နှင့် စည်းကမ်းကောင်းမွန်ပြီး အရည်အချင်းပြည့်ဝသော စက်မှုကျွမ်းကျင်လုပ်သားကောင်းများဖြစ်အောင် ကြိုးစားအားထုတ် လေ့ကျင့်သွားကြရန်လိုကြောင်း စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက မေ ၂၆ ရက်နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အမှတ်(၂)စက်မှုသင်တန်းကျောင်း(မန္တလေး) ၌ ကျင်းပသည့်စက်မှုကျွမ်းကျင် တစ်နှစ်သင်တန်း အမှတ်စဉ်(၁၃)သင်တန်းဖွင့်ပွဲအခမ်းအနား၌ ပြောကြားခဲ့သည်။

မန္တလေးတိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ စက်မှုကျွမ်းကျင်တစ်နှစ် သင်တန်းအမှတ်စဉ်(၁)မှ (၁၂)အထိ သင်တန်းသား၊ သင်တန်းသူ ၁၇၃၆ ဦးကို စက်မှုကျွမ်းကျင်သူများအဖြစ် လေ့ကျင့်ပျိုးထောင်ပေးခဲ့ပြီးဖြစ်သည်။ သင်တန်းအမှတ်စဉ်(၁၃)ကို ၂၀၂၅ ခုနှစ် မေ ၂၆ ရက်မှ ၂၀၂၆ ခုနှစ် ဧပြီ ၁၀ ရက်အထိ တစ်နှစ်ကြာဖွင့်လှစ်၍ ဘာသာရပ်ခြောက်ခုကို စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရန်အတွက် လူသားအရင်းအမြစ်သည် အဓိကကျသည်။ ကျွမ်းကျင်၊ ရိုးသား၊ စွမ်းရည်မြင့်မား၊ စက်မှုသင်တန်းသားဆိုသည့် စက်မှုသင်တန်းကျောင်း၏ ဆောင်ပုဒ်နှင့်အညီ ယခုထက်ပိုမိုကျွမ်းကျင်အောင်၊ မိမိမှာရှိသည့်စွမ်းရည်များ အဆင့်ဆင့် ပိုမိုမြင့်မားအောင် သင်ယူကြရမည်ဖြစ်သည်။

စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံလိုအပ်ချက်ဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ် စက်မှုကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရန်ရည်ရွယ်ချက်ဖြင့် စက်မှုဝန်ကြီးဌာနမှ စက်မှုသင်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

# ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ




**မန္တလေး မေ ၂၇**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ ၈၁လမ်း၊ ၃၇လမ်းနှင့် ၃၈လမ်းကြား၊ အမရပူရမြို့နယ်၊ အိုးတော်ရပ်ကွက်၊ အမှိုက်စုတောင်မယ်ဇယ်တန်းတို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို မေ ၂၈ ရက်တွင် အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ ၈၉လမ်း၊ ၁၀လမ်းနှင့် ၁၁လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(ဃ-၄)၊ ၆၄လမ်းနှင့် ၁၁၁လမ်းထောင့်၊ မြို့သစ်(၄)ရပ်ကွက်တို့တွင်လည်းကောင်း၊ မေ ၂၉ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ ၅၄ လမ်းနှင့် ၁၃၃လမ်းထောင့်၊ (ဓ)ရပ်ကွက်တွင်လည်းကောင်း၊ မေ ၃၀ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇ လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ ပန်းပဲတန်းရပ်၊ ဆေးရုံမြောက်ဘက်၊ မဟာဂန္ဓာရုံ အနောက်ပေါက်၊ မေ ၃၁ရက်တွင် မဟာအောင်မြေမြို့နယ်၊ တက္ကသိုလ်ရပ်ကွက်၊ ၇၃လမ်း၊ တက္ကသိုလ်လေ့ကျင့်ရေးကျောင်း ရှေ့၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(ဖ-၈/၉)၊ ၅၉လမ်း၊ ၁၁၂လမ်းနှင့် ၁၁၃လမ်းကြား၊ ကံသာယာရပ်ကွက်တို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။ **(အပေါ်ပုံ)**

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

# မန္တလေးငလျင်ကြီး လှုပ်ရှားပြီးနောက် နောက်ဆက်တွဲ ငလျင်ငယ်ပေါင်း ၁၀၀ ကျော်မှာ မန္တလေးတိုင်းဒေသကြီးအတွင်း ဗဟိုပြုလှုပ်ရှားခဲ့

**မန္တလေး မေ ၂၇**

မတ် ၂၈ ရက်က အင်အား ရစ်(ချ်)တာစကေး ၇ ဒသမ ၇ ရှိ မန္တလေးငလျင်ကြီး လှုပ်ရှားပြီးနောက် မေ ၂၇ရက်ထိ နောက်ဆက်တွဲငလျင်လှုပ်ရှားမှု ၁၈၁ ကြိမ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ငယ်ပေါင်း ၁၀၀ကျော် လှုပ်ရှားခဲ့ရာ အကြိမ်ရေ ၂၀ မှာ အင်အား ၄ နှင့် ၅ အကြား ရှိခဲ့ကြောင်း မိုး/ဇလထုတ်ပြန်သည့် စာရင်းများမှ သိရသည်။

အဆိုပါငလျင်ငယ်များအနက် မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့မှ အရှေ့မြောက်ဘက် ဗဟိုပြု၍ ဧပြီ ၁၃ ရက်နေ့က ရစ်(ချ်)တာစကေး ၅ ဒသမ ၅ ဖြင့် လှုပ်ရှားခဲ့ပြီး ကျန်ငလျင်များမှာ အင်အားရစ်(ချ်)တာစကေး ၃ နှင့် ၅ ဝန်းကျင်အကြား လှုပ်ရှားခဲ့သည်။

"ငလျင်ကြီးပြီးရင် နောက်ဆက်တွဲငလျင်ငယ်တွေ လှုပ်ရှားတဲ့ သဘာဝရှိတယ်။ မန္တလေးငလျင်ကြီးက အင်အားပြင်းတာရယ်၊ ဗဟိုပြုမြေအောက်အနက် တိမ်တာရယ်ကြောင့် အပျက်အစီးများခဲ့တယ်။ ထိခိုက်မှုများစွာ ဖြစ်ခဲ့သလို နောက်ဆက်တွဲငလျင်ငယ်တွေလည်း မကြာခဏ လှုပ်ရှားနေတယ်။ မေ ၂၇ ရက်ထိ ငလျင်လှုပ်ရှားမှုအကြိမ်ပေါင်း ၁၈၁ ကြိမ်မှာ မန္တလေးတိုင်းဒေသကြီးအတွင်း ဗဟိုပြုလှုပ်ခဲ့တာက အကြိမ်ရေ ၁၀၀ ကျော်ရှိပါတယ်"ဟု မိုး/ဇလတာဝန်ရှိသူတစ်ဦးက ပြောသည်။



မိုး/ဇလထုတ်ပြန်ချက်များအရ ငလျင်လှုပ်ရှားမှုများမှာ မတ်တွင် ၄၇ ကြိမ်၊ ဧပြီတွင် ၁၁၂ ကြိမ်၊ မေ ၂၇ ရက်အထိ ၂၂ကြိမ်၊ စုစုပေါင်း ၁၈၁ ကြိမ်ရှိရာ မန္တလေးတိုင်းဒေသကြီးအတွင်း ဗဟိုပြုလှုပ်ရှားခဲ့သည့် ငလျင်လှုပ်ရှားမှုများမှာ မတ်လတွင် ၁၃ ကြိမ်၊ ဧပြီလတွင် ၈၁ ကြိမ်နှင့် မေလတွင် ၁၈ ကြိမ်ဖြစ်ကြောင်း၊ ၎င်းတို့အနက် အင်အားရစ်(ချ်)တာစကေး ၄ နှင့် ၅ ကြားရှိ ငလျင်လှုပ်ရှားမှုအကြိမ် ၂၀ နှင့် ၅ နှင့် ၅ ဒသမ ၅ အကြား လေးကြိမ်နှင့် ၇ ဒသမ ၅ တစ်ကြိမ်နှင့် ၇ ဒသမ ၇ တစ်ကြိမ် ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

**(မန္တလေးနေ့စဉ်-၉)**

၀-၀-၀-၀

၀-၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၃၉၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အလုပ်သမားဝန်ကြီးဌာန၌ Prefabricated Office များဖြင့် ယာယီရုံးခန်းများဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

☆ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး အဆောက်အအုံသို့ ရောက်ရှိကြပြီး အပျက်အစီးများဖယ်ရှားရှင်းလင်းပြီးစီးမှု၊ အန္တရာယ်ရှိသည့် အပျက်အစီးများအား ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ရုံးခန်းအဆောက်အအုံများ၌ ထိခိုက်ပျက်စီးမှု၊ ရုံးအဆောက်အအုံရှေ့၌ Prefabricated Office များဖြင့် ယာယီရုံးခန်းများ ဖွင့်လှစ်၍ ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး အဆောက်အအုံကို ကြည့်ရှုစစ်ဆေးစဉ်။

## ကြည့်ရှုစစ်ဆေး

ယင်းနောက် အလုပ်သမားဝန်ကြီးဌာန၌ Prefabricated Office များဖြင့် ယာယီရုံးခန်းများဖွင့်လှစ်၍ လုပ်ငန်းများ ပြတ်တောက်မှု မရှိစေရေးဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရုံးခန်းများအလိုက် လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အလုပ်သမားဝန်ကြီးဌာန ရုံးအဆောက်အအုံပတ်လမ်းအတိုင်း ထိခိုက်ပျက်စီးနေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ငလျင်ဆိုင်ရာပညာရှင်များ၊ ဆောက်လုပ်ရေးဆိုင်ရာပညာရှင်များဖြင့် စစ်ဆေးချက်များအရ ရုံးအဆောက်အအုံကို အပိုင်းလိုက် ပြန်လည်ပြုပြင်တည်ဆောက်နိုင်မည့်အခြေအနေများ၊ ဖြိုချဖျက်ဆီးရမည့်အပိုင်းများကို စနစ်တကျ ဖြိုချဖျက်ဆီးသွားမည့် အခြေအနေများ၊ ရုံးအနောက်ဘက်ခြမ်း၌ မြေထိန်းနံရံကို စနစ်တကျ ဆောင်ရွက်သွားရန်လိုအပ်သည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး အဆောက်အအုံနှင့် အလုပ်သမားဝန်ကြီးဌာန ရုံးအဆောက်အအုံတို့သည် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှု ကြီးမားခဲ့ရသည့် အဆောက်အအုံများစာရင်း၌ ပါဝင်ကြောင်း၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်ခိုင်ခံ့မှုရှိစေရန်နှင့် ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများ ဖြစ်စေရေးအတွက် ငလျင်ဆိုင်ရာပညာရှင်များ၊ ဆောက်လုပ်ရေးဆိုင်ရာ ပညာရှင်များ၏ အကြံဉာဏ်များရယူခြင်း၊ မြေအရည်အသွေးစမ်းသပ်စစ်ဆေးခြင်း၊ စနစ်တကျတွက်ချက်၍ တည်ဆောက်ခြင်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ ကနဦးဆောင်ရွက်နိုင်သည့် လုပ်ငန်းများကို မြန်မြန်ဆန်ဆန် ဆောင်ရွက်၍ ရုံးအဆောက်အအုံများ ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးမှုရှိစေရေး ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အလုပ်သမားဝန်ကြီးဌာန၌ Prefabricated Office များဖြင့် ယာယီရုံးခန်းများဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



အလုပ်သမားဝန်ကြီးဌာနရုံးအဆောက်အအုံ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။

# နိုင်ငံ့ဝန်ထမ်းဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

နိုင်ငံ့ဝန်ထမ်းဥပဒေကိုတတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ

**( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၃၉/၂၀၂၅ )**

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁ ရက်
( ၂၀၂၅ ခုနှစ်၊ မေလ ၂၇ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံ့ဝန်ထမ်းဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဓ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

“(ဓ) ရာထူးဝန်အဖွဲ့က ရာထူးအဆင့်အလိုက်သတ်မှတ်ထားသော သင်တန်းများအပြင် ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းက ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးတာဝန်အတွက် ရည်ရွယ်ဖွင့်လှစ်သော အဆင့်မြင့်သင်တန်းများကိုလည်း တက်ရောက်ခြင်း၊”

**ရှင်းလင်းချက်။** ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးတာဝန်အတွက် ရည်ရွယ်ဖွင့်လှစ်သော အဆင့်မြင့်သင်တန်းဆိုသည်မှာ ယင်းရာထူးတာဝန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့က အသိအမှတ်ပြုသောသင်တန်းကိုဆိုသည်။

၃။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၂၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

“ပုဒ်မ ၂၉။ အထူးကိစ္စရပ်မှအပ ဝန်ထမ်းကို ရာထူးတိုးမြှင့်ခန့်ထားရာတွင် -

(က) ရာထူးဝန်အဖွဲ့က သက်ဆိုင်ရာ ရာထူးအဆင့်အလိုက် သတ်မှတ်ထားသောသင်တန်း တက်ရောက်ပြီးသူဖြစ်ရမည်။

(ခ) ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းက ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးတာဝန်အတွက် ရည်ရွယ်ဖွင့်လှစ်သော အဆင့်မြင့်သင်တန်းတက်ရောက်ပြီးသူဖြစ်ရမည်။”

**ရှင်းလင်းချက်။** အထူးကိစ္စရပ်ဆိုသည်မှာ ဝန်ထမ်း၏လုပ်ငန်းစွမ်းဆောင်ရည်ပေါ်မူတည်၍ သက်ဆိုင်ရာဝန်ကြီးဌာနနှင့်အဖွဲ့အစည်းက ရာထူးတိုးမြှင့်ပေးသင့်သည်ဟု သုံးသပ်ဆုံးဖြတ်သောကိစ္စရပ်ကိုဆိုသည်။

၄။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၃၅ ပါ “ဗဟိုဝန်ထမ်းတက္ကသိုလ်များ” ဆိုသည့်စကားရပ်ကို “နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များ” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ



နေပြည်တော် မေ ၂၇

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (United Nations Population Fund-UNFPA)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Jaime Nadal Roig အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် UNFPA ၏ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် ငလျင်ဒဏ်သင့်ဒေသများမှ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ဆေးဘက်ပစ္စည်းများ ထောက်ပံ့ပေးမည့်အခြေအနေတို့နှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။

သတင်းစဉ်

## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)နှင့် ဒုတိယဥက္ကဋ္ဌ(၂)တို့ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးဖြစ်သူ Mr. Marcoluigi Corsi အား လက်ခံတွေ့ဆုံ



နေပြည်တော် မေ ၂၇

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းတို့သည် တာဝန်များပြီးဆုံး၍ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ယာယီဌာနေညှိနှိုင်းရေးမှူး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေ (UNICEF)၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်ဖြစ်သူ Mr.Marcoluigi Corsi အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရှိ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဗဟိုဌာန (Disaster Management Centre) ဧည့်ခန်း၌ ယနေ့မွန်းလွဲပိုင်းတွင် လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ငလျင်ဘေးသင့် ပြည်သူများအတွက် နိုင်ငံတကာနှင့် ကုလသမဂ္ဂမှ အကူအညီပေးအပ်မှုများ၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေ ညှိနှိုင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် အခြေအနေများ၊ ကုလသမဂ္ဂနှင့် မြန်မာနိုင်ငံအကြား ရေရှည်ဆက်ပူးပေါင်းဆောင်ရွက်ရန်ကိစ္စများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဘာသာရပ်ဆိုင်ရာ တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပွင့်ဖြူမြို့နယ်၌ ဓာတ်အားလိုင်းနှင့်မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်း

ပွင့်ဖြူ မေ ၂၇

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးရုံးက မေ ၂၆ ရက်တွင် လျှပ်စစ်ဝန်ထမ်းများအဖွဲ့က မြို့ပေါ်ရပ်ကွက်များသို့ ဓာတ်အားဖြန့်ဖြူးပေးထားသော ဓာတ်အားလိုင်းနှင့်မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ဓာတ်အားလိုင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမျိုးမင်းနိုင် ဦးဆောင်၍ ဝန်ထမ်းများပူးပေါင်းအဖွဲ့က မြို့ပေါ်ရပ်ကွက်များသို့ ဓာတ်အားဖြန့်ဖြူးထားသော သန့်ဇင်လမ်းနှင့် ပိတောက်လမ်းပေါ်ရှိ ၁၁ ကေဗွီနှင့် ဝ ဒသမ ၄ ကေဗွီ ဓာတ်အားလိုင်းတစ်လျှောက် စစ်ဆေးပြီး လျော့ကျနေသော ဓာတ်အားလိုင်းကြိုးများကို ပြန်လည်ပြုပြင်ခြင်း၊ ကြွေသီးများ အသစ်လဲလှယ်တပ်ဆင်ခြင်း၊ ဓာတ်အားလိုင်းနှင့်မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)



# နိုင်ငံတကာမှ ကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများအား ငလျင်ဘေးဒဏ်သင့်ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိ

နေပြည်တော် မေ ၂၇

၂၈-၃-၂၀၂၅ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးမြေငလျင်ကြီးကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင်ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရာ ဘေးသင့်ခဲ့သော ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်၊ အလှူရှင်များ၏ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများ လှူဒါန်းထောက်ပံ့မှုနှင့် ဘေးသင့်ဒေသများသို့ ဖြန့်ခွဲထောက်ပံ့ ဆောင်ရွက်မှုများကို အပတ်စဉ် သတင်းထုတ်ပြန်ပေးလျက်ရှိရာ မေ ၁၃ ရက်မှ ၁၉ ရက်အထိ အခြေအနေကို မေ ၂၁ ရက်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ယခုအခါ မေ ၂၀ ရက်မှ ၂၇ ရက်အထိ ရက်သတ္တတစ်ပတ်အတွင်း ထိုင်းနိုင်ငံရောက် စေတနာရှင်များ၊ သီရိလင်္ကာနိုင်ငံနှင့် တရုတ်နိုင်ငံ၊ ချုံချင့်မြူနီစီပယ်အစိုးရတို့က ထပ်မံပေးပို့လှူဒါန်းလာသော မိုးကာတဲ၊ မီးစက်၊ စားသောက်ကုန်၊ လူသုံးကုန်၊ အိမ်သုံးပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ ဆေးနှင့်ဆေးပစ္စည်းများအနက် ဆေးနှင့်ဆေးပစ္စည်းများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကော်မတီ (ကျန်းမာရေးဝန်ကြီးဌာန) သို့ လည်းကောင်း၊ မီးစက်၊ စားသောက်ကုန်၊ လူသုံးကုန်၊ အိမ်သုံးပစ္စည်း၊ လျှပ်စစ်ပစ္စည်းများကို ဘေးသင့်လူဦးရေ အချိုးအစားအပေါ်မူတည်၍ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့သို့ ဖြန့်ခွဲပေးပို့ပြီးဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံက လှူဒါန်းသည့် ဒီဇယ်ဆီတန် ၁၁၉၃၀ ဒသမ ၅၀၅ နှင့် ဓာတ်ဆီတန် ၂၉၄၀ ဒသမ ဝ၅၅ တို့သည် မေ ၂၃ ရက်တွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ထပ်မံရောက်ရှိခဲ့ရာ စုစုပေါင်းဒီဇယ်ဆီတန် ၂၉၉၃၀ ဒသမ ၅၀၅ နှင့် ဓာတ်ဆီတန် ၁၉၉၄၀ ဒသမ ဝ၅၅ တို့ကို စွမ်းအင်ဝန်ကြီးဌာနက စနစ်တကျ သိမ်းဆည်းသိုလှောင်၍ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုလျက်ရှိသည်။

အိန္ဒိယနိုင်ငံမှ လှူဒါန်းသည့် ဘိလပ်မြေ ၂၂၅ တန် (အိတ် ၄၅၀၀)သည် မေ ၂၄ ရက်တွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိခဲ့ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးက လွှဲပြောင်းပေးခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူပြီးနောက် ဘေးသင့်ဒေသများသို့ ပို့ဆောင်၍ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် သုံးစွဲသွားမည်ဖြစ်သည်။

ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် ငလျင်ဘေးသင့်ဒေသများတွင် ယာယီရုံးများအဖြစ် အသုံးပြုရန် တရုတ်ပြည်သူ့သမ္မတ နိုင်ငံက လှူဒါန်းသည့် Prefabricated Office အလုံး ၅၀၀ အနက် အလုံး ၃၄၀ သည် မေ ၂ ရက်တွင်လည်းကောင်း၊ အလုံး ၁၆၀ သည် မေ ၂၄ ရက်တွင် လည်းကောင်း ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိခဲ့ပြီး ဘေးသင့်ဒေသများတွင် ယာယီရုံးများအဖြစ် တပ်ဆင်ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၆ သို့ ✳




ထိုင်းနိုင်ငံရောက် စေတနာရှင်များ၏ လှူဒါန်းပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။




သီရိလင်္ကာနိုင်ငံမှ လှူဒါန်းပစ္စည်းများ ရောက်ရှိမှုမှတ်တမ်းဓာတ်ပုံ။



တရုတ်နိုင်ငံ ချုံချင့်မြူနီစီပယ်အစိုးရမှ လှူဒါန်းပစ္စည်းများ ရောက်ရှိမှုမှတ်တမ်းဓာတ်ပုံ။




တရုတ်နိုင်ငံမှ လှူဒါန်းသည့် Prefabricated House များ ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိမှု မှတ်တမ်းဓာတ်ပုံ။




တရုတ်နိုင်ငံမှ လှူဒါန်းသည့် ဓာတ်ဆီ မက်ထရစ်တန် ၂၉၄၀ ဒသမ ဝ၅၅ နှင့် ဒီဇယ် မက်ထရစ်တန် ၁၁၉၃၀ ဒသမ ၅၀၅ ရောက်ရှိမှုမှတ်တမ်းဓာတ်ပုံ။



အိန္ဒိယနိုင်ငံမှ လှူဒါန်းသည့် ဘိလပ်မြေ ၂၂၅ တန် လွှဲပြောင်းလက်ခံမှုမှတ်တမ်းဓာတ်ပုံ။

# လျှောင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၇**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

**ဖွင့်လှစ်ပေး**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ပတ္တမြားရပ်ကွက်ရှိ စက်မှုဇုန် (၆)လမ်း ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများ တက်ရောက်၍ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီးနှင့် တာဝန်ရှိသူများသည် ပတ္တမြားရပ်ကွက်ရှိ ကျင်းရှင်းနည်းပညာစစ်ကိုင်းကုမ္ပဏီ စက်ရုံအတွင်း ဖုန်းအားသွင်းကြိုးထုတ်လုပ်နေမှုများကို လှည့်လည်ကြည့်ရှုပြီး ယူကရိန်း သံရည်ကျို စက်ရုံအတွင်း သံရည်ကျိုလုပ်ငန်းများ၊ ဟင်းဂလိုင်းလုပ်ငန်းများနှင့် ပန်းလုံးလုပ်ငန်း လုပ်ကိုင်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီးနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ တောင်ဖီလာတောင်ရှိ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သော ပတ္တမြားစေတီအား ပြန်လည်ပြုပြင်မွမ်းမံတည်းဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ ဝါးချက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှိ တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးနေမှုကို ကြည့်ရှုအားပေးပြီး ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ကျောင်းဆောင်အဆောက်အအုံများနှင့် ယာယီကျောင်းဆောင်သစ်ဆောက်လုပ်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်တို့သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ နန်းမြို့တွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော နန်းမြို့ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၊ ဂန္ဓကုဋိတိုက်၊ အာရုံခံတန်ဆောင်းနေရာများ၌ ရှေးမူမပျက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ချမ်းအေးသာစံမြို့နယ်ရှိ ယခင်မင်္ဂလာဈေးနေရာတွင် ငလျင်ဘေးသင့်ပြည်သူများအတွက် ကုမ္ပဏီအသီးသီးမှ အိမ်ဆောက်ပစ္စည်းများအား စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ပြင်ပပေါက်ဈေးထက် သက်သာစွာရောင်းချပေးနေမှု အခြေအနေများကိုလည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ် " ဆ " ရပ်ကွက်ရှိ CROWN ဘိလပ်မြေအရောင်းဌာနသို့လည်းကောင်း၊ " ဋ " ရပ်ကွက်ရှိ ကြံ့နစ်ကောင် ဘိလပ်မြေအရောင်းဌာနများသို့ သွားရောက်၍ ငလျင်ဒဏ်သင့်ပြည်သူများ လက်ဝယ်သို့ ဘိလပ်မြေအိတ်များ ပြင်ပပေါက်ဈေးထက်သက်သာစွာတိုက်ရိုက်ရောင်းချပေးနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ဆက်လက်၍ အောင်မြေသာစံမြို့နယ်အတွင်းရှိ ငလျင်ဒဏ်သင့်၍ ထိခိုက်ပျက်စီးခဲ့သော ဖြိုချဖျက်ဆီးပြီး အန္တရာယ်ရှိအဆောက်အအုံများအား အပျက်အစီးများ အပြီးသတ်ရှင်းလင်းနေမှု အခြေအနေများကို လည်းကောင်း၊ လိုက်လံကြည့်ရှုစစ်ဆေး၍ လုပ်ငန်းခွင်အန္တရာယ်မရှိစေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန် မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အောင်မြေသာစံရပ်ကွက် မဟာဒီပဲရင်းကျောင်းတိုက်များသို့လည်းကောင်း၊ ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကွက်ရှိ ရှင်လွန်းမယ်ဘုရားသို့လည်းကောင်း၊ အမရပူရမြို့နယ် မှန်တန်းရပ်ရှိ မဟာဝိဇယရံသီ ပုထိုးတော်ကြီး မြတ်စွာဘုရားသို့ လည်းကောင်း၊ ဆင်စွယ်ပွတ်ကျေးရွာရှိ သတ္တဌာနဘုရားနှင့် တောင်သမန်းကျေးရွာရှိ မဟာသကျရံသီ ကျောက်တော်ကြီး မြတ်စွာဘုရားတို့သို့ လည်းကောင်း၊ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော အပျက်အစီးများအား တပ်မတော်သားစစ်သည်များက ဖယ်ရှားရှင်းလင်းနေမှု အခြေအနေများကိုလည်းကောင်း၊ စက်ယန္တရားကြီးများ အသုံးပြု၍ ရှင်းလင်းဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ အပျက်အစီးများ ရှင်းလင်းဆောင်ရွက်ရာတွင် ထပ်မံသိမ်းဆည်းရရှိသော ဌာပနာပစ္စည်းများအား စနစ်တကျ သိမ်းဆည်းထားရန် တို့ကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်သည် ကျောက်ဆည်မြို့ မြို့တော်ခန်းမ၌ ဒေသခံပြည်သူများအား "ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများ ဆောက်လုပ်နိုင်ရေး အသိပညာပေးဟောပြောပွဲ" သို့ တက်ရောက်ပြီး အဆောက်အအုံများ ပြန်လည်တည်ဆောက်နိုင်ရေးအတွက် ရဟန်း သံဃာများ၊ ဒေသခံပြည်သူများအား အဆောက်အအုံများ ပြန်လည်တည်ဆောက်ရာတွင် တည်ဆောက်ရမည့် နည်းလမ်းများ၊ လုပ်ငန်းစဉ်များနှင့် အသုံးပြုရမည့် ပစ္စည်းများကို ကျွမ်းကျင်သူများနှင့် တိုင်ပင်၍ ပြုလုပ်ဆောင်ရွက်သွားရန် အသေးစိတ်ဆွေးနွေးခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် ဒေသခံပြည်သူများက သိရှိလိုသည့် အချက်များအား တာဝန်ရှိသူများက ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောက်ဆည်မြို့ ခရိုင်တရားရုံးနှင့် ဆူးကုန်းရပ်ကွက်ရှိ ခရိုင်စုပေါင်းရုံးအတွင်း၌ Modular Container Houseများဖြင့် (ယာယီ) ရုံးဖွင့်လှစ်ပြီး ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် တပ်ဆင်ဆောက်လုပ်နေမှု အခြေအနေများကိုလည်းကောင်း၊ ဖောင်ရွာရပ်ကွက်ရှိ ဖြပ္ပဝိဟာရဗိမာန်၌ စာဖြေသံဃာတော်များအတွက် လေးထပ်ဆောင်အား ပြန်လည်ပြုပြင်ရန်အတွက် စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခြင်းနှင့် စာဖြေခုံများ နေရာရွှေ့ပြောင်းပို့ဆောင်နေမှုများကိုလည်းကောင်း၊ ကျောက်ဆည်မြို့နယ်အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးသွားသော ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများနှင့် လူနေအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုပြီး ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ စစ်ကိုင်းမြို့ ပတ္တမြားရပ်ကွက်ရှိ ဖုန်းအားသွင်းကြိုးစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။

# မိတ္ထီလာမြို့၌ ပလတ်စတစ် အမှိုက်ကင်းစင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**မိတ္ထီလာ မေ ၂၇**

၂၀၂၅ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်ဖြစ်သည့် ကမ္ဘာ့တစ်ဝန်းပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေး စုပေါင်းအားဖြင့် ဆောင်ရွက်ပေး ဆောင်ပုဒ်နှင့်အညီ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက မိတ္ထီလာမြို့မဈေးကြီးနှင့် ညောင်ပင်သာကျေးရွာ ခေမာသီရိ ပရဟိတသီလရှင်သင်ပညာရေး ကျောင်းတို့၌ ယနေ့နံနက်ပိုင်းက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဦးစွာ မိတ္ထီလာမြို့မဈေးကြီးအတွင်း ဈေးရောင်းဈေးဝယ်လာသူများအား ပလတ်စတစ်အမှိုက်ကင်းစင်ရေး အသိပညာပေးလက်ကမ်းစာစောင်များကို ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးစန္ဒာနှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက အသိပညာပေးဖြန့်ဝေသည်။

ဆက်လက်၍ နံနက် ၉ နာရီတွင် ထမုန်ကန်၊ ကျေးရွာအုပ်စု၊ ညောင်ပင်သာကျေးရွာ ခေမာသီရိ ပရဟိတသီလရှင်သင်ပညာရေး ကျောင်း၌ အသိပညာပေး ဟောပြောပွဲကို ကျင်းပရာ ကမ္ဘာ့တစ်ဝန်း ပလတ်စတစ်အမှိုက်ကင်းစင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခေါင်းစဉ်ဖြင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးကလည်းကောင်း၊ ပလတ်စတစ် အမှိုက်ညစ်ညမ်းမှုအကြောင်း ခေါင်းစဉ်ဖြင့် ဒုတိယဦးစီးမှူး ဦးသက်ဝေထွန်းကလည်းကောင်း၊ ရာသီဥတုပြောင်းလဲမှုလျော့ချရေး နှင့် သဘာဝဘေးအန္တရာယ်များ ခေါင်းစဉ်ဖြင့် ဒုတိယဦးစီးမှူး ဒေါ်ဆုရတနာလှိုင်ကလည်းကောင်း အသီးသီး အသိပညာပေးဟောပြောခဲ့သည်။ ဆက်လက်၍ အသိပညာပေးဟောပြောပွဲသို့ တက်ရောက်ကြသည့် သီလရှင်များနှင့် ကျောင်းသူ၊ ကျောင်းသားများအား ပလတ်စတစ်အမှိုက် ကင်းစင်ရေးဆိုင်ရာများအကြောင်း ဉာဏ်စမ်းမေးခွန်းများမေးမြန်းပြီး အဖြေမှန်သူများအား ဂုဏ်ပြုလက်ဆောင်များကို လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးစန္ဒာက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(၄၅၃)

○ စာမျက်နှာ ၂၄ မှ

အဆိုပါ အခမ်းအနားကျင်းပပုံများကို မေ ၃၀ ရက် နံနက် ၈ နာရီ မိနစ် ၂၀ မှစတင်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ရုပ်သံလိုင်းများဖြစ်သော MRTV-HD၊ MRTV News၊ MRTV Parliament၊ MRTV NRC၊ MRTV Sports၊ MRTV Farmers'၊ MITV နှင့် မိတ်ဖက်ရုပ်သံလိုင်းများဖြစ်ကြသော MWD-HD Channel၊ MWD Variety - HD Channelတို့မှ လည်းကောင်း၊ မြန်မာ့အသံရေဒီယိုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် FM များဖြစ်ကြသော ပတ္တမြား FM၊ ချယ်ရီ FM၊ FM ပုဂံ၊ မန္တလေး FM၊ ပဉ္စဝတီ FM နှင့် ရွှေ FM တို့အပြင် မိတ်ဖက် FM ဖြစ်သည့် Star FM နှင့် သဇင် FM တို့မှလည်းကောင်း၊ MOI Website, Myanmar Narrative Facebook Page နှင့် Telegram၊ MRTV Website, MRTV App နှင့် Social Media Platform တို့မှလည်းကောင်း တိုက်ရိုက်(LIVE) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထို့ပြင် ဖွင့်ပွဲအခမ်းအနားပြီးနောက် ခေါင်းစဉ်များအလိုက် သုံးသပ်ဆွေးနွေးပွဲများ ကျင်းပမှုကို MRTV Parliament Channel မှ တိုက်ရိုက် (Live)ပြသမှုနှင့်အတူ MOI Website၊ Myanmar Narrative Facebook Page နှင့် Telegram၊ MRTV App၊ MRTV Telegram၊ Myanma TV Youtube Channel နှင့် MRTV Facebook တို့မှလည်း Live Streaming ဆက်လက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



တူရကီသမ္မတ အာဒိုဂန်နှင့် ပါကစ္စတန်ဝန်ကြီးချုပ် ရှာဘတ်ရှရစ်ဖ်တို့သည် အစ္စတန်ဘူလ်မြို့တော်တွင် ယမန်နေ့က ကျင်းပသည့် အစည်းအဝေးမတိုင်မီ တွေ့ဆုံနှုတ်ဆက်နေကြစဉ်။ **Mon**




# တတိယမြောက် ချားလ်စ်ဘုရင်နှင့် မိဖုရားကမီလာတို့နှစ်ဦး ကနေဒါနိုင်ငံသို့ နှစ်ရက်ကြာ အလည်အပတ်ရောက်ရှိလာ

**အော့တဝါ မေ ၂၇**

တတိယမြောက် ချားလ်စ်ဘုရင်နှင့် မိဖုရားကမီလာတို့နှစ်ဦးသည် အမေရိကန်နှင့် တင်းမာမှုများကြားထဲတွင် ကနေဒါ၏ အချုပ်အခြာအာဏာကို အလေးပေးရန်ရည်ရွယ်သည့် ခရီးစဉ်အတွက် ကနေဒါနိုင်ငံသို့ ရောက်ရှိလာခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အလည်အပတ်ရောက်ရှိလာသော ဘုရင်နှင့် ဘုရင်မတို့အား အော့တဝါလေဆိပ်တွင် ကြိုဆိုခြင်း အထိမ်းအမှတ်သစ်ပင်စိုက်ပျိုးခြင်းစသည့် စည်ကားသောအခမ်းအနားများဖြင့် နှစ်ရက်ကြာခရီးစဉ် စတင်ခဲ့သည်။

အင်္ဂလန်ဘုရင်က ပါလီမန်သို့ ထီးနန်းမိန့်ခွန်းကို ပြောကြားမည့် အရေးကြီးသောနေ့မတိုင်မီ ၎င်းတို့တော်ဝင်ဇနီးမောင်နှံ ကနေဒါသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

၁၉၇၇ ခုနှစ်နောက်ပိုင်းတွင် ကနေဒါနိုင်ငံ၌ ဘုရင်တစ်ပါးက ထီးနန်းမိန့်ခွန်းကို ရွတ်ဖတ်ခြင်းမရှိခဲ့သောကြောင့် ဤဘုရင့်ခရီးစဉ်သည် ရှားပါးသောသမိုင်းဝင်ဖြစ်ရပ် တစ်ခုဖြစ်သည်။

ကနေဒါဝန်ကြီးချုပ် မာ့ခ် ကာနေး၏ ထုတ်ပြန်ချက်တွင် "ဤဘုရင့်ခရီးစဉ်သည် ကနေဒါနှင့် ဘုရင်မင်းမြတ်တို့ကြားရှိ မျိုးဆက်တစ်လျှောက် ဖွဲ့စည်းခဲ့သော၊ ဘုံသမိုင်းများဖြင့် ပုံဖော်ထားပြီး အခြေခံတန်ဖိုးများပေါ်တွင် အခြေစိုက်သည့် ဆက်ဆံရေးကို သတိရစေပါသည်"ဟု ရေးသားထားကြောင်း သိရသည်။ **Mon**



# ယခုနှစ် ကမ္ဘာ့ရွှေဈေး လေးပုံတစ်ပုံကျော် မြင့်တက်ခဲ့သော်လည်း ယခင်လက စံချိန်အောက် ၁၆၅ ဒေါ်လာခန့် နိမ့်ကျနေဆဲ

**ဝါရှင်တန် မေ ၂၇**

ကမ္ဘာ့ဈေးကွက်တွင် မေ ၂၇ ရက်စောစောပိုင်းက ရွှေကို တစ်အောင်စလျှင် ၃၃၄၇ ဒေါ်လာနီးပါးတန်ဖိုးဖြင့် ရောင်းဝယ်နေကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ယင်းအခြေအနေသည် အတ္တလန္တိတ်ဖြတ်ကျော် ကုန်သွယ်ရေးစစ်ပွဲမဖြစ်အောင် ရှောင်ရှားနိုင်ရန် ဝါရှင်တန်နှင့် ညှိနှိုင်းဆွေးနွေးမှုများကို အရှိန်မြှင့်တင်မည်ဟု ဥရောပသမဂ္ဂက ကြေညာချက်ထုတ်ပြန်ပြီးနောက်ပိုင်း မေ ၂၆ ရက်က ၀ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းမှုအပြီး ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ရွှေကဲ့သို့သော လုံခြုံစိတ်ချရသည့် ရင်းနှီးမြှုပ်နှံမှုများအပေါ် တောင်းဆိုမှုတွင် အိမ်ဖြူတော်သည် အချို့သောကုန်သွယ်ရေး မိတ်ဖက်များနှင့် ညှိနှိုင်းဆွေးနွေးမှုများ တိုးတက်မှုရှိနေသည်ဟူသော အချက်အလက်များ ပေါ်ထွက်လာသည်နှင့်အမျှ အကျိုးသက်ရောက်မှုရှိခဲ့သည်။

သို့သော် ဈေးကွက်များသည် အမေရိကန်ပြည်ထောင်စု၏ လိုငွေပြမှုတိုးပွားလာခြင်း၊ ဆက်လက်ဖြစ်ပွားနေသော ကုန်သွယ်ရေးဆွေးနွေးမှုများ၊ အရှေ့အလယ်ပိုင်းနှင့် ယူကရိန်းရှိ ပဋိပက္ခများ ပိုမိုဆိုးရွားလာခြင်းစသည့် အန္တရာယ်များစွာကို ချိန်ဆနေကာ စောင့်ကြည့်အခြေအနေတွင် ရှိနေဆဲဖြစ်သည်။

ရွှေသည် ယခုနှစ်အတွင်း လေးပုံတစ်ပုံကျော် မြင့်တက်ခဲ့သော်လည်း လက်ရှိဈေးနှုန်းများသည် ယခင်လက စံချိန်တင်မြင့်မားခဲ့သည့်အောက် ၁၆၅ ဒေါ်လာခန့် နိမ့်ကျနေဆဲဖြစ်ကြောင်း သိရသည်။ **Mon**



# ဗင်နီဇွဲလားပါလီမန်နှင့် ဒေသဆိုင်ရာရွေးကောက်ပွဲများတွင် သမ္မတ နီကိုလပ်စ်မာဒူရို၏ အာဏာရပါတီ အောင်ပွဲခံ

**ကရာကတ်စ် မေ ၂၆**

ဗင်နီဇွဲလားသမ္မတ နီကိုလပ်စ်မာဒူရို၏ အာဏာရပါတီသည် ပါလီမန်နှင့် ဒေသဆိုင်ရာရွေးကောက်ပွဲများတွင် အတိုက်အခံများ၏ ကန့်ကွက်ခြင်းခံခဲ့ရသော်လည်း အောင်ပွဲခံခဲ့သည်ဟု ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အမျိုးသားရွေးကောက်ပွဲကောင်စီက မေ ၂၆ ရက်တွင် ထုတ်ပြန်ခဲ့သော အစောပိုင်းရလဒ်များအရ ဗင်နီဇွဲလားဆိုရှယ်လစ်ပါတီနှင့် မဟာမိတ်များသည် အမျိုးသားလွှတ်တော်အတွက် ယမန်နေ့က ကျင်းပခဲ့သော ရွေးကောက်ပွဲတွင် မဲအရေအတွက် ၈၂ ဒသမ ၆၈ ရာခိုင်နှုန်းသာ အနိုင်ရရှိခဲ့သည်။

ထိုရလဒ်သည် အာဏာရပါတီကို အစိုးရရှေ့နေရုံးနှင့် တိုင်းပြည်၏ အမြင့်ဆုံးတရားရုံးအပါအဝင် အဓိကအာဏာအချို့ကို ဆက်လက်ထိန်းချုပ်နိုင်စေမည်ဖြစ်သည်။

ယင်းထုတ်ပြန်ချက်အရ ပြည်နယ်အုပ်ချုပ်ရေးမှူး ၂၄ နေရာတွင် ၂၃ နေရာကို အာဏာရပါတီက အနိုင်ရရှိခဲ့ပြီး ယခင်က ပြည်နယ် ၄ ခုကို ထိန်းချုပ်ထားခဲ့သော အတိုက်အခံများ ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။ **Mon**




# အိုးပင်းအေအိုင်ကုမ္ပဏီ၏ ဝန်ဆောင်မှုတိုးမြှင့်ရန်အတွက် တောင်ကိုရီးယား ဆိုးလ်မြို့တွင် ပထမဆုံးရုံးခွဲ ဖွင့်လှစ်မည်

**ဆိုးလ် မေ ၂၇**

အိုးပင်းအေအိုင်ကုမ္ပဏီသည် ၎င်း၏ဝန်ဆောင်မှုအတွက် တောင်ကိုရီးယားနိုင်ငံတွင် တောင်းဆိုမှုများ မြင့်တက်လာခဲ့ရာမှ ဆိုးလ်မြို့တွင် ပထမဆုံးရုံးခွဲ ဖွင့်လှစ်မည်ဖြစ်ပြီး တောင်ကိုရီးယားနိုင်ငံတွင် တွဲဖက်လုပ်ငန်းအဖွဲ့အစည်းတစ်ခု တည်ထောင်ထားကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ထိုကုမ္ပဏီ၏ထုတ်ပြန်ချက်အရ တောင်ကိုရီးယားနိုင်ငံသည် အမေရိကန်ပြည်ထောင်စုပြီးနောက် ချက်ဂျီပီတီ အသုံးပြုသူအများဆုံး နိုင်ငံဖြစ်နေပြီဟု ဆိုသည်။

အိုးပင်းအေအိုင်သည် တောင်ကိုရီးယားနိုင်ငံနှင့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများအတွက် ဝန်ထမ်းများခန့်ထားရန် စတင်လုပ်ဆောင်နေပြီး လာမည့်လများအတွင်း နောက်ထပ်အသေးစိတ်အချက်အလက်များကို ကြေညာမည်ဟု ကုမ္ပဏီက ထုတ်ပြန်ကြေညာသည်။

"ကိုရီးယားနိုင်ငံ၏ အပြည့်အစုံ ဉာဏ်ရည်တုစနစ်သည် ဆီလီကွန်မှ ဆော့ဖ်ဝဲလ်အထိ၊ ကျောင်းသားများမှ အသက်ကြီးသူများအထိ အဓိပ္ပာယ်ရှိသော ဉာဏ်ရည်တုဆိုင်ရာ သက်ရောက်မှုအတွက် ကမ္ဘာ့အများဆုံး မျှော်လင့်ချက်ရှိသော ဈေးကွက်တစ်ခုဖြစ်သည်"ဟု မဟာဗျူဟာအမှုဆောင်အရာရှိချုပ် ဂျေဆင်ကွမ်က ထုတ်ဖော်ပြောကြားသည်။

စာတိုပို့လုပ်ငန်းလည်ပတ်ဆောင်ရွက်နေသော ကကအော ကုမ္ပဏီနှင့်အတူ တောင်ကိုရီးယားနိုင်ငံအတွက် ဉာဏ်ရည်တုထုတ်ကုန်များကို ဖွံ့ဖြိုးတိုးတက်စေမည်ဟု ယခုနှစ်စောစောပိုင်းတွင် အိုးပင်အေအိုင်က ကြေညာခဲ့ကြောင်း သိရသည်။ **Mon**

# လီဗာပူးလ်အသင်း၏ ချန်ပီယံဆု အောင်ပွဲအထိမ်းအမှတ်ချီတက်ပွဲတွင် ကားက လူအုပ်ကို ဝင်တိုက်သဖြင့် လူ ၂၇ ဦး ဆေးရုံတင်ကုသခဲ့ရ

**လန်ဒန် မေ ၂၇**

မေ ၂၆ ရက်က လီဗာပူးလ်အသင်း၏ ပရီးမီးယားလိဂ်ချန်ပီယံဆု အောင်ပွဲအထိမ်းအမှတ်ချီတက်ပွဲတွင် ကားတစ်စီးက လူအုပ်ကြီးထဲသို့ဝင်ရောက်မောင်းနှင်ခဲ့ရာမှ လူ ၂၇ ဦး ဝင်ရောက်တိုက်မိခဲ့ပြီး နှစ်ဦးအပြင်းအထန်ဒဏ်ရာရရှိခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ယင်းဖြစ်စဉ်သည် အကြမ်းဖက်မှုနှင့်သက်ဆိုင်သည်ဟု မယူဆကြောင်း ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။ လီဗာပူးလ်နယ်ခံ အသက် ၅၃ နှစ်အရွယ် ဗြိတိသျှ လူမျိုးတစ်ဦးကို ဖမ်းဆီးထားကြောင်း ရဲတပ်ဖွဲ့က အတည်ပြုခဲ့ပြီး ၎င်းသည် အင်္ဂလန်အရှေ့မြောက်ရှိ မြို့တွင် ကျင်းပသည့် အောင်ပွဲခံပွဲတွင် ပါဝင်ဆင်နွှဲနေသော ပရိသတ်လူအုပ်ကြီးကို ကားဖြင့် ဝင်တိုက်သူဖြစ်သည်ဟု ယူဆထားသည်။ လူ ၂၀ ကို အခင်းဖြစ်နေရာတွင်ပင် အရေးပေါ်ကုသပေးခဲ့ပြီး လူ ၂၇ ဦးကို ဆေးရုံသို့ ပို့ဆောင်ခဲ့ရာတွင် ကလေး ၄ ဦးပါဝင်ပြီး ကလေးတစ်ဦးနှင့် လူကြီးတစ်ဦးသည် အခြေအနေဆိုးရွားနေကြောင်း လူနာတင်ယာဉ်အရာရှိများက ပြောကြားသည်။ လူမှုမီဒီယာပေါ်တွင် ပြသထားသောဗီဒီယိုများတွင် ကားသည် ပရိသတ်များကို တိုက်မိစဉ် လူအချို့လေထဲသို့ မြောက်တက်သွားပုံများကို တွေ့မြင်ခဲ့ရသည်။

ကားရပ်သွားသောအခါ ဒေါသထွက်နေသော ပရိသတ်များက ကားဆီသို့ စုရုံးလာခဲ့ပြီး ရဲများက မောင်းသူထံ မရောက်ရှိစေရန် ဟန့်တားနေစဉ် ကားမှန်များကို ရိုက်ခွဲခဲ့ကြကြောင်း သိရသည်။ **Mon**



# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၆၇ ဦး ထပ်မံလွှဲပြောင်းပေးအပ်



နေပြည်တော် မေ ၂၇

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့်ပြည်ပနိုင်ငံသားများကိုစုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ လွှဲပြောင်းပေးအပ်ရာတွင် ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ် မဲ့ထော်သလေး (KK Park) နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ဗီယက်နမ်နိုင်ငံသား ၆၆ ဦး၊ ချဒ်နိုင်ငံသားတစ်ဦး စုစုပေါင်း ၆၇ ဦးကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များနှင့်တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ပြည်နှင်လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ချဒ်သမ္မတနိုင်ငံသံရုံးမှ Counsellor Mr. Saad Ahmat Moussa နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးမှ First Secretary Ms. Nguyen Thi Kim Chung နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မေ ၂၇ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၀၂ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၆၉၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၄၁၀ ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူများအား ခြိမ်းခြောက်ထိခိုက်မှုများရှိလာသည့် အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုအပါအဝင် အွန်လိုင်းဒုစရိုက်မှုမျိုးစုံကို အမျိုးသားရေးအသွင်ဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းလက်တွဲကာ ထိထိရောက်ရောက် ပြတ်ပြတ်သားသားတိုက်ဖျက်နှိမ်နင်းပြီး ထိန်းသိမ်းစစ်ဆေးလွှဲပြောင်းပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

ကာလီ မေ ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကာလီမြို့တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းများကို မေ ၂၆ ရက် နံနက်ပိုင်းက ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကာလီမြို့ မြို့အုပ်ချုပ်ရေးမှူး ဦးစန်းမြင့်သန်းနှင့် ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများသည် စက်သုံးဆီများ ဖြန့်ဖြူးရောင်းချလျက်ရှိသောဆိုင်များတွင် မီးသတ်ဆေးဘူးများ ပြည့်စုံလုံလောက်စွာ ထားရှိမှု ရှိ၊ မရှိ၊ မီးသတ်ဆေးဘူးများ သက်တမ်းကျော်လွန်မှု ရှိ၊ မရှိ၊ ဆီဖြည့်နေစဉ် မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရန်နှင့် စက်သုံးဆီ သိုလှောင်ထားရှိမှုများသည် သတ်မှတ်ထားသောစည်းကမ်းချက်များနှင့်ကိုက်ညီမှု ရှိ ၊ မရှိ လိုက်လံစစ်ဆေးခဲ့ပြီး မီးဘေးလုံခြုံရေးဆိုင်ရာများနှင့် လိုအပ်သည်များကို အကြံပြုပြောကြားခဲ့ကြောင်း သိရသည်။

(ယာပုံ)

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀

၀-၀-၀



## သွေးလွန်တုပ်ကွေးရောဂါပိုးတွေ့ လူနေအိမ်များအား ကာကွယ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်

မကွေး မေ ၂၇

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့ပေါ်ရပ်ကွက်များအတွင်းရှိ သွေးလွန်တုပ်ကွေးရောဂါပိုးတွေ့ လူနေအိမ်များထံသို့ ကွင်းဆင်း၍ ယမန်နေ့ နံနက်ပိုင်းက ကာကွယ်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်ကြသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ပခုက္ကူမြို့နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် စေတနာ့ဝန်ထမ်းများ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါပိုး တွေ့ရှိသည့် ပခုက္ကူမြို့၊ အမှတ်(၁၄)နှင့် (၁၅)ရပ်ကွက်အတွင်းရှိ လူနေအိမ် နှစ်အိမ်အား ရောဂါကာကွယ်ဆေးဖျန်းခြင်း၊ ရေတွင်း၊ ရေကန်၊ ရေပုံးများအား ဖုံး၊ သွန်၊ လဲ၊ စစ်ခြင်းနှင့် အဘိတ်ဆေးခတ်ခြင်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ (၃၄၀)

## လွိုင်လင်မြို့တွင် စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ



နေပြည်တော် မေ ၂၇

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ မေ ၂၀ ရက် နံနက် ၉ နာရီခွဲက လွိုင်လင်မြို့၊ အမှတ်(၂)ရပ်ကွက်၊ လွိုင်လင်-တောင်ကြီးသွားကားလမ်းတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် စိုင်းကျော်လွင်ဦးဆိုသူ မောင်းနှင်ပြီး မနန်းယုမ့်ခမ်းဆိုသူ လိုက်ပါလာသည့် TOYOTA CROWN အမျိုးအစားမော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် သယ်ဆောင်လာသော စိတ်ပြောင်းဆေးဝါး Happy Water အလေးချိန် ၁ ဒသမ ၁ ကီလို၊ ကက်တမင်း အလေးချိန် ၁၀ ဂရမ်နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ၎င်းတို့အား စစ်ဆေးဖော်ထုတ်ချက်အရ မွန်းလွဲ ၂ နာရီခွဲတွင် စိတ်ပြောင်းဆေးဝါးများအား လက်ခံရယူမည့် စွမ်းထက်ဆိုသူအား တောင်ကြီးမြို့၊ အရှေ့မြို့ပတ်လမ်း၌ လက်ကိုင်ဖုန်းတစ်လုံးနှင့် ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် စိုင်းကျော်လွင်ဦး (၂၇)နှစ်၊ မနန်းယုမ့်ခမ်း(၁၉)နှစ်နှင့် စွမ်းထက်(၂၆)နှစ်ဆိုသူတို့အား လွိုင်လင်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## စစ်ကိုင်းမြို့တွင် ဘိန်းစိမ်းများ ဖမ်းဆီးရမိ

နေပြည်တော် မေ ၂၇

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ မေ ၂၀ ရက် နံနက် ၁၀ နာရီက စစ်ကိုင်းမြို့၊ တကောင်းရပ်ကွက်အနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် ဇော်ဖြိုးအောင်ဆိုသူမောင်းနှင်ပြီး သက်ဝေထွန်းဆိုသူလိုက်ပါလာသည့် TOYOTA HIACE အမျိုးအစားမော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် သယ်ဆောင်လာသော ကြက်သွန်နီအိတ်များအတွင်းမှ ဘိန်းစိမ်း အလေးချိန် ၃၅ ကီလိုနှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဇော်ဖြိုးအောင် ၃၅နှစ်နှင့် သက်ဝေထွန်း ၃၆နှစ်ဆိုသူတို့အား စစ်ကိုင်းမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ (အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



# အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် သိမ်ဆိပ်ဘူတာနှင့် ဒုံ့ဝန်းဘူတာအကြား ရထားလမ်းချော်ကျပြီး လမ်းပိုင်းပျက်စီးခဲ့မှု ပြုပြင်ပြီးစီး၍ ရန်ကုန်-မော်လမြိုင်-ရန်ကုန်ရထားများ ပြန်လည်ပြေးဆွဲပေးလျက်ရှိ

နေပြည်တော် မေ ၂၇

ပဲခူး-မော်လမြိုင် ရထားလမ်းပိုင်းအတွင်းရှိ မွန်ပြည်နယ် သထုံမြို့နယ် သိမ်ဆိပ်ဘူတာနှင့် ဒုံ့ဝန်းဘူတာအကြား အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့် အမှတ်(၆၈၇) အစုန်ကျောက်ရထား လမ်းချော်ကျမှုဖြစ်ပွားခဲ့ပြီး သိမ်ဆိပ်နှင့် ဒုံ့ဝန်းရထားလမ်းပိုင်းအား မေ ၂၅ ရက်မှစ၍ ယာယီပိတ်ထားခဲ့ရသဖြင့် ရန်ကုန်-မော်လမြိုင်-ရန်ကုန် ပြေးဆွဲနေသော အမှတ်(၈၁) အဆန်/(၈၂)အစုန် လူစီးရထားများ ယာယီရပ်နားခဲ့ရသည်။



မြန်မာ့မီးရထားအနေဖြင့် ယာယီပိတ်ထားရသည့် ရထားလမ်းပိုင်းအတွင်း ရထားစီးခရီးသွားပြည်သူများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရေးနှင့် ကုန်စည်များ အဆင်ပြေစွာ သယ်ယူပို့ဆောင်ပေးနိုင်ရေးအတွက် မြန်မာ့မီးရထားတာဝန်ရှိသူများနှင့် လုပ်သားများက လမ်းချော်ကျခဲ့သည့် ကျောက်ရထားအား ပြန်လည်မတင်ခြင်း၊ ရထားလမ်းပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းများကို မေ ၂၅ ရက်မှ ယနေ့အထိ နေ့/ညမပြတ်ဆောင်ရွက်ခဲ့ကြပြီး လမ်းပိုင်းအတွင်း စက်မှုအထူးရထားဖြင့် စမ်းသပ်ပြေးဆွဲ၍ ယနေ့ညနေ ၅ နာရီခွဲတွင် လမ်းပိုင်းအား ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရထားလမ်းပိုင်းပြန်လည်ဖွင့်လှစ်မှုကြောင့် ပဲခူး-မော်လမြိုင်လမ်းပိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် ကုန်ရထားနှင့် ကျောက်ရထားများအား ယနေ့မှစ၍ ပြန်လည်ပြေးဆွဲပေးလျက်ရှိပြီး လူစီးရထားများဖြစ်သည့် အမှတ်(၈၁)အဆန်နှင့် အမှတ်(၈၂)အစုန် ရန်ကုန်-မော်လမြိုင်-ရန်ကုန် လူစီးအမြန်ရထားများအား မေ ၂၈ ရက်မှစတင်၍ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲပေးသွားမည်ဖြစ်သည်။

ထို့ပြင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် အများပြည်သူလူထု ရထားဖြင့်ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် အဓိကရထားလမ်းပိုင်းများဖြစ်သည့် ရန်ကုန်-မန္တလေးလမ်းပိုင်း၊ ရန်ကုန်-ပြည်လမ်းပိုင်း၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်းများနှင့် ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းများတွင်သာမက အခြားလမ်းပိုင်းများဖြစ်သော ပုသိမ်-ဟင်္သာတ-ကြံခင်းလမ်းပိုင်း၊ ပျဉ်းမနား-တောင်တွင်းကြီးလမ်းပိုင်း၊ ရန်ကုန်-ပြည်-ပုဂံလမ်းပိုင်း၊ မြစ်ကြီးနား-မိုးကောင်းလမ်းပိုင်း၊ လက်ပံတန်း-သာရဝေါလမ်းပိုင်း စသည့်လမ်းပိုင်းများတွင် လူစီး ရထားခရီးစဉ်များကို စီစဉ်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။


သတင်းစဉ်

## နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍မိုးကြီးနိုင်

နေပြည်တော် မေ ၂၇

ယနေ့ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း(အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်ကမ်းလွန်)တွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းအရှိန်ကြောင့်လည်းကောင်း၊ မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း ယနေ့ညနေမှ ဇွန် ၂ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍မိုးကြီးနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုး တန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၄ ပေခန့် ရှိနိုင်သည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊
WRF မော်ဒယ်လ်၏ ၂၇-၅-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန်
၀၆: ၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့်
၂၈-၅-၂၀၂၅ ရက်နေ့မှ ၂၉-၅-၂၀၂၅ ရက်နေ့အထိ
မိုးရွာသွန်းမှု ခန့်မှန်းချက်ပြပုံ




### အကြံပြုချက်


သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေး နှိုးဆော်အပ်ပါသည်။

မိုး/ဇလ

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊
WRF မော်ဒယ်လ်၏ ၂၇-၅-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန်
၀၆: ၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့်
၃၀-၅-၂၀၂၅ ရက်နေ့မှ ၃၁-၅-၂၀၂၅ ရက်နေ့အထိ
မိုးရွာသွန်းမှု ခန့်မှန်းချက်ပြပုံ



မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊
WRF မော်ဒယ်လ်၏ ၂၇-၅-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန်
၀၆: ၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့်
၁-၆-၂၀၂၅ ရက်နေ့မှ ၂-၆-၂၀၂၅ ရက်နေ့အထိ
မိုးရွာသွန်းမှု ခန့်မှန်းချက်ပြပုံ



## ဇွန်လအတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် မေ ၂၇

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအတင့်အသင့်မှ အားကောင်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၂၂ ရက်မှ ၂၇ ရက်ခန့်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၁၆ ရက်မှ ၂၁ ရက်ခန့်၊ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ၁၀ ရက်မှ ၁၅ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၁၁ ပေမှ ၁၅ ပေခန့် လက်ရှိရေမှတ်များထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၁၀ ပေမှ ၁၅ ပေခန့် လက်ရှိရေမှတ်များထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင်ခုနစ်ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် သုံးပေခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ငါးပေမှ ခုနစ်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် သုံးပေမှ ငါးပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် လေးပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ငါးပေမှ ရှစ်ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ခုနစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ခုနစ်ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ၁၀ ပေခန့်၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် လေးပေခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် သုံးပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ငါးပေခန့် လက်ရှိရေမှတ်များထက် မြင့်တက်လာနိုင်သည်။

မိုး/ဇလ

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# နိုင်ငံတကာ အားကစား သတင်းများ

## ဆော်ဒီပရိုလိဂ် ဂိုးသွင်းအများဆုံး ရွှေဖိနပ်ဆုကို စီရော်နယ်လ်ဒို ဆွတ်ခူး



**လန်ဒန် မေ ၂၇**

၂၀၂၄-၂၀၂၅ဘောလုံးရာသီ ဆော်ဒီပရိုလိဂ် ဂိုးသွင်းအများဆုံး ရွှေဖိနပ်ဆုကို အယ်လ်နာဆာ အသင်းတိုက်စစ်မှူး စီရော်နယ်လ်ဒိုက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ဆော်ဒီပရိုလိဂ် ဂိုးသွင်းအများဆုံး ရွှေဖိနပ်ဆုကို နှစ်နှစ်ဆက် ဆွတ်ခူးခဲ့ခြင်းလည်း ဖြစ်သည်။

တိုက်စစ်မှူး စီရော်နယ်လ်ဒိုသည် ဆော်ဒီပရိုလိဂ်ပြိုင်ပွဲတွင် သွင်းဂိုး ၂၅ ဂိုးဖြင့် အိုင်ဗန်တိုနေးအား ကျော်ဖြတ်ကာ ဆွတ်ခူးနိုင်ခဲ့သည်။

အသက် ၄၀ နှစ်အရွယ်ရှိ စီရော်နယ်လ်ဒိုက 'ကျွန်တော် အခုလို ဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ အခုလို ဆုရရှိတာကလည်း အသင်းဖော်တွေရဲ့ ပံ့ပိုးကူညီမှုကြောင့်ပါ။ ကစားသမားဘဝက အနားမယူခင် အောင်မြင်မှုတွေလည်း များစွာရယူသွားဦးမှာပါ' ဟု ပြောသည်။ (ခဲပုံ) (NGB)

## အီတလီစီးရီးအေ ဂိုးသွင်းဘုရင်ဆုကို ရက်တီဂူ ဆွတ်ခူး

**တူရင် မေ ၂၇**

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ အီတလီစီးရီးအေ ဂိုးသွင်းဘုရင်ဆုကို အတ္တလန္တာအသင်း တိုက်စစ်မှူး ရက်တီဂူက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ယခုနှစ် ဘောလုံးရာသီတွင် အတ္တလန္တာအသင်းနှင့်အတူ စီးရီးအေပွဲစဉ် ၃၅ ပွဲကစားပြီး ၂၅ ဂိုးသွင်းယူကာ ယခုဆုကို ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် တိုက်စစ်မှူး ရက်တီဂူသည် အတ္တလန္တာအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၄၈ ပွဲကစားပြီး ၂၈ ဂိုးသွင်းယူကာ အကောင်းဆုံး ခြေစွမ်းပြထားသည်။

အသက် ၂၆ နှစ်အရွယ်ရှိ ရက်တီဂူက 'အခုလို အီတလီစီးရီးအေ ဂိုးသွင်းဘုရင်ဆု ဆွတ်ခူးခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလိုဆုတွေနဲ့ အသင်းအောင်မြင်တိုးတက်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ' ဟု ပြောသည်။

(အောက်ပုံ) (NGB)




## ဘရာဇီးလက်ရွေးစင်အသင်း လူစာရင်း ထုတ်ပြန်



**လန်ဒန် မေ ၂၇**

နည်းပြသစ် အန်ဆယ်လော့တီသည် ၄င်းတာဝန်ယူသည့် နေ့မှာပင် ဘရာဇီးလက်ရွေးစင်အသင်းလူစာရင်းအား ရွေးချယ်ပြီး ထုတ်ပြန်ကြေညာခဲ့သည်။

ဘရာဇီးလက်ရွေးစင်အသင်း လူစာရင်းတွင် ဂိုး - အယ်လစ်ဆန်၊ ဘန်တို၊ ဟူဂိုဆိုဇာ၊ နောက်တန်း - အလက်ဆန်ဒရို၊ ဒန်နီလို၊ လီယိုအော်တစ်ဇ်၊ ဝက်စ်လေ၊ ရီဘီယာရို၊ ဘီရယ်လ်ဒို၊ မာကင်ဟို့စ်၊ အော်ဂတ်စတို၊ ဗန်ဒါဆန်၊ ကွင်းလယ် - ပါရဲရား၊ အန်ဒရေဆန်းတို့စ်၊ ဂီမာရေ့စ်၊ ကက်စီမီရို၊ အီဒါဆန်၊ ဂျာဆန်၊ ရှေ့တန်း - အန်တိုနီ၊ အက်စတီဗာအို၊ မာတင်နယ်လီ၊ ကူညာ၊ ရာဖင်ညာ၊ ရစ်ချာလီဆန်၊ ဗင်နီစီယပ်စ်တို့ ပါဝင်လာခဲ့ကြသည်။

ဘရာဇီးလက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလား ခြေစစ်ပွဲစဉ်အဖြစ် လာမည့် ဇွန် ၆ရက်တွင် အီကွေဒေါ၊ ဇွန် ၁၁ရက်တွင် ပါရာဂွေးအသင်းတို့နှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

(အပေါ်ပုံ) (NGB)

## ဟာနန်ဒက်စ် ဆောက်သမ်တန်အသင်းမှ ထွက်ခွာသွားမည်

**လန်ဒန် မေ ၂၇**

ဆောက်သမ်တန်အသင်း ကွင်းလယ်ကစားသမား ဖာနန်ဒက်စ်သည် နွေရာသီဈေးကွက်အတွင်းတွင် အသင်းမှ ထွက်ခွာသွားမည် ဖြစ်သည်။

အသက် ၂၀ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် အက်စတွန်ဗီလာ၊ လိဒ်စ်အသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

ကွင်းလယ်ကစားသမား ဖာနန်ဒက်စ်သည် ဆောက်သမ်တန်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၄၂ ပွဲ ကစားပြီး သုံးဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ထို့ကြောင့် ဖာနန်ဒက်စ် အနေဖြင့် ဆောက်သမ်တန်အသင်းမှ ထွက်ခွာပြီး မည်သည့်အသင်းသို့ ပြောင်းရွှေ့သွားမည်လည်း ဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။

(ယာပုံ) (NGB)




## ရိုဒရီဂို အသင်းတွင် ဆက်ရှိသွားမည်ဟု နည်းပြအသစ် အလွန်ဆို အတည်ပြု

**မက်ဒရစ် မေ ၂၇**

တိုက်စစ်မှူး ရိုဒရီဂိုအသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာ ဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု ရီးရဲလ်မက်ဒရစ်အသင်း နည်းပြအသစ် အလွန်ဆိုက အတည်ပြု ပြောကြားခဲ့သည်။



အသက် ၂၄ နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၄င်းက အသင်းတွင် ဆက်ရှိသွားမည်ဖြစ်သည်။

တိုက်စစ်မှူး ရိုဒရီဂိုသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၆၇ ပွဲကစားပြီး ၆၈ ဂိုးအထိ သွင်းယူထားသည်။

နည်းပြ အလွန်ဆိုက 'ရိုဒရီဂိုအသင်းမှာ ဆက်ရှိသွားမှာပါ။ အသင်းကလည်း သူ့ကို လိုအပ်ပါတယ်။ သူဟာအသင်းအတွက် အံ့မခန်းကစားသမားတစ်ဦးပါ' ဟု ပြောသည်။

(ခဲပုံ) (NGB)

## ယူအီးအက်ဖ်အေ ကွန်ဖရန့်လိဂ် ဘောလုံးပြိုင်ပွဲ(ဗိုလ်လုပွဲ)

**နိုင်ကမ္ဘာ**

ဘက်တစ် (စပိန်-၆) - ချဲလ်ဆီး (အင်္ဂလန်-၄)

**မေ ၂၉ ရက် (ကြာသပတေးနေ့) နံနက် ၀၁း၃၀ နာရီ**

**(ဗရော့ဆွက်ဖ်မြို့၊ ပိုလန်နိုင်ငံ)**

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

၂၀၀၅-၀၆ ဘက်တစ် ၁-၀ ချဲလ်ဆီး ၄-၀ ဘက်တစ် (ချန်ပီယံလိဂ်-အုပ်စု)

**နှစ်သင်း၏ ဗိုလ်လုပွဲအထိ ဖြတ်ကျော်မှု**

| | | | | | | |
|---|---|---|---|---|---|---|
| ဘက်တစ် | ၂-၂ | ဂီမာရေး | (၁၆-သင်းအဆင့်) | ကိုပင်ဟေဂင် | ၁-၂ | ချဲလ်ဆီး |
| ဂီမာရေး | ၀-၄ | ဘက်တစ် | (၁၆-သင်းအဆင့်) | ချဲလ်ဆီး | ၁-၀ | ကိုပင်ဟေဂင် |
| ဘက်တစ် | ၂-၀ | ဂျာဂီလိုနီးယား | (ကွာတား) | လီဂီယာဝါဆော | ၀-၃ | ချဲလ်ဆီး |
| ဂျာဂီလိုနီးယား | ၁-၁ | ဘက်တစ် | (ကွာတား) | ချဲလ်ဆီး | ၁-၂ | လီဂီယာဝါဆော |
| ဘက်တစ် | ၂-၁ | ဖီအိုရင်တီးနား | (ဆီမီး) | ဂျော်ဂါးဒန်း | ၁-၄ | ချဲလ်ဆီး |
| ဖီရင်အိုတီးနား | ၂-၂ | ဘက်တစ် | (ဆီမီး) | ချဲလ်ဆီး | ၁-၀ | ဂျော်ဂါးဒန်း |

ဗိုလ်လုပွဲသို့ ရောက်ရှိလာသော အသင်းများပီပီ အကြိတ်အနယ် ကစားကြမည်ဖြစ်၍ ပွဲကြီးပွဲကောင်းတစ်ပွဲ ဖြစ်လာနိုင်ပြီး သရေကျသွားနိုင်ကာ အချိန်ပို၊ ပင်နယ်တီအထိ ကြည့်ရနိုင်ဖွယ်ရှိသည်။ ပွဲချိန်အတွင်း အနိုင်ရမည့်အသင်းကို ခန့်မှန်းရမည်ဆိုပါက နာမည်ကြီး ချဲလ်ဆီးတို့ ကပ်နိုင်ဖွယ်ရှိသည့်ပွဲဖြစ်သည်။

**နှစ်သင်း၏ နောက်ဆုံး ၅ ပွဲရလဒ်**

ဘက်တစ် - သရေ၊ သရေ၊ သရေ၊ ရှုံး၊ သရေ ချဲလ်ဆီး - နိုင်၊ နိုင်၊ ရှုံး၊ နိုင်၊ နိုင်

## 2025 Roland Garros တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ Iga Swiatek တက်ရောက်

**ပဲရစ် မေ ၂၇**

ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့တွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Roland Garros တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ ပိုလန်တင်းနစ်မယ် Iga Swiatek တက်ရောက်ခဲ့သည်။



အဆိုပါ ပိုလန်တင်းနစ်မယ် Iga Swiatek သည် 2025 Roland Garros တင်းနစ်ပြိုင်ပွဲ ပထမအဆင့်တွင် ဆလိုဗက်ကီးယားတင်းနစ်မယ် Rebecca Sramkov အား ၆-၃၊ ၆-၃ ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

2025 Roland Garros တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ပိုလန်တင်းနစ်မယ် Iga Swiatek နှင့် ဂရိတ်ဗြိတိန်တင်းနစ်မယ် Emma Raducanu တို့ ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

(ခဲပုံ) (NGB)

## တန်ဟက်ဂ်အား နည်းပြအသစ်အဖြစ် လေဗာကူဆင်အသင်း ခန့်အပ်

**မြူးနစ် မေ ၂၇**

လေဗာကူဆင်အသင်းသည် အသင်းနည်းပြအသစ်အဖြစ် တန်ဟက်ဂ်အား ခန့်အပ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် လေဗာကူဆင်အသင်းနှင့်အတူ နှစ်နှစ်စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။

နည်းပြ တန်ဟက်ဂ်သည် နည်းပြဘဝတစ်လျှောက်တွင် အေဂျက်စ်၊ မန်ချက်စတာယူနိုက်တက် စသည့် ကလပ်အသင်းများ အပြင် အခြားကလပ်အသင်းများစွာကို ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦး ဖြစ်ခြင်းကြောင့် လေဗာကူဆင်အသင်းက နည်းပြအသစ်အဖြစ် ခန့်အပ်ခဲ့ခြင်း ဖြစ်သည်။

လေဗာကူဆင်အသင်း ထုတ်ပြန်ချက်တွင် 'နည်းပြ တန်ဟက်ဂ်ကို နည်းပြအသစ်အဖြစ် ခန့်အပ်လိုက်ပါပြီ။ သူ့အနေနဲ့လည်း အသင်းကို အောင်မြင်မှုများစွာ ရရှိအောင် စွမ်းဆောင်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်' ဟု ထုတ်ပြန်သည်။

(အောက်ပုံ) (NGB)



# နွေရာသီအခြေခံကွန်ပျူတာသင်တန်းဆင်းပွဲ ကျင်းပ



**မကွေး မေ ၂၇**

မကွေးတိုင်းဒေသကြီး အမျိုးသမီးရေးရာကော်မတီနှင့် ကွန်ပျူတာတက္ကသိုလ်တို့ ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီအခြေခံကွန်ပျူတာသင်တန်းဆင်းပွဲကို မေ ၂၅ ရက် မွန်းလွဲပိုင်းက မကွေးမြို့နယ် စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင့်လွင်နှင့်ဇနီး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့များ၊ သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က နိုင်ငံ့ဝန်ထမ်း မိသားစုများ၏ သားသမီးများ၊ ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များအတွက် "နွေရာသီအခြေခံကွန်ပျူတာသင်တန်း"ကို ဧပြီ ၂၈ မှ မေ ၂၃ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ရာ အောင်မြင်စွာပြီးမြောက်ခဲ့ပြီဖြစ်ပါကြောင်း၊ လူငယ်များအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် အခန်းကဏ္ဍအားလုံးတွင် ဒစ်ဂျစ်တယ်နည်းပညာကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည်အထိ မြှင့်တင်နိုင်ရန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိအောင်ဆောင်ရွက်နိုင်စေရေး ကြိုးစားကြရန်လိုအပ်ကြောင်း၊ အမျိုးဘာသာသာသနာကို ထိန်းသိမ်းစောင့်ရှောက်လိုသော စိတ်ဓာတ်များနှင့်ပြည့်စုံသည့် အနာဂတ်မျိုးဆက်သစ်များ စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ဥယျာဉ်မှူးကိုယ်ပိုင်ကျောင်းမှ Grade-6 ကျောင်းသား မောင်လွင်သန့်ထူးအောင်က တစ်ကိုယ်တော်တီးခတ်ဖျော်ဖြေ၍ နွေရာသီ တယောသင်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက အဖွဲ့လိုက်တီးခတ်ဖျော်ဖြေခဲ့ကြသည်။ ဆက်လက်၍ သင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် သင်တန်းသား၊ သင်တန်းသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် သင်တန်းသို့ တက်ရောက် အောင်မြင်ခဲ့ကြသည့် သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ခဲ့ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မောင်နိုင်မင်း(ပြန်/ဆက်)**



# VDP စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ကျင်းပ

**ပုသိမ်ကြီး မေ ၂၇**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သံဘိုကျွန်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နိုင်ရန်၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် (VDP) စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို မေ ၂၃ ရက် နံနက်ပိုင်းက သံဘိုကျွန်းကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းယုလှိုင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) သည် ကျေးရွာ၏ လိုအပ်ချက်ကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ရွေးချယ်ခြင်း၊ ဆုံးဖြတ်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းစနစ်ဖြင့် ဆောင်ရွက်ခွင့်ရှိသော စီမံကိန်းဖြစ်ကြောင်း၊ ကျေးရွာ၏ ပကတိလိုအပ်ချက်ကို ဖော်ထုတ်ခွင့်ရရှိ၍ ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များကို စနစ်တကျ စုပေါင်း၍ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီရွေးချယ်မှု သတ်မှတ်ချက်များ၊ စီမံကိန်းလုပ်ငန်းများရွေးချယ်ရာတွင် ထည့်သွင်းစဉ်းစားရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် တက်ရောက်လာကြသော ရပ်မိ၊ ရပ်ဖများ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း (VDP) စီမံကိန်းကော်မတီဝင် ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းခဲ့သည်။

သံဘိုကျွန်းကျေးရွာ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ကျေးရွာနေပြည်သူများ၏ လုပ်အား၊ ငွေအားထည့်ဝင်မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပုသိမ်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက ပြောသည်။ **(၀၄၀)**

# ၂၀၂၅ -၂၀၂၆ ပညာသင်နှစ်အတွက် ဝန်ထမ်း သား၊ သမီးများအား ပညာသင်စရိတ်ချီးမြှင့်ငွေ ပေးအပ်

**ဆီဆိုင် မေ ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ဝန်ထမ်းသား၊ သမီးများအား ပညာသင်စရိတ်ချီးမြှင့်ငွေ ပေးအပ်ခြင်းအခမ်းအနားကို မေ ၂၆ ရက် နံနက် ၁၀ နာရီက အဆိုပါဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းဦးက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ဝန်ထမ်း သား၊ သမီးများအား ပညာသင်စရိတ်ချီးမြှင့်ငွေ ပေးအပ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စည်းရုံးရေးနှင့် မိသားစုစည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌတို့က တက်ရောက်လာကြသည့် ဝန်ထမ်း သား၊ သမီးများဖြစ်ကြသည့် မူလတန်းအဆင့် ၁၁ ဦး၊ အလယ်တန်းအဆင့် ခုနစ်ဦး၊ အထက်တန်းအဆင့် ခုနစ်ဦး၊ တက္ကသိုလ်အဆင့် နှစ်




ဦး၊ စုစုပေါင်း ၂၇ ဦးတို့အား ပညာသင်စရိတ် ချီးမြှင့်ငွေများကို အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) (၃၆၈)**


**ယာဉ်မောင်းသူများ လိုက်နာရန်**

- မြို့တွင်းတစ်နာရီ ၄၈(ကီလိုမီတာ)အတွင်း ယာဉ်များ မောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- အရက်သောက်လျှင် (လုံးဝ) ကားမမောင်းရ၊ဆိုင်ကယ်မစီးရ။
- ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။
- (မီးနီ၊ မီးဝါ)လုံးဝဖြတ်မမောင်းရ၊ မစီးရ။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**


# အ • ထ • က(ရွာငံ)တွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**ရွာငံ မေ ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်တွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို မေ ၂၄ ရက် နံနက် ၈ နာရီက အ·ထ·က (ရွာငံ)ကျောင်းဝင်းအတွင်း၊ အပြင်တို့၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၏ ကြီးကြပ်မှုဖြင့် ရွာငံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဆိုင်က ဦးဆောင်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့သည်။

အဆိုပါ ကျောင်းဝင်းအတွင်း၊ အပြင်များရှိ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ရေမြောင်းများ ဆယ်ယူခြင်း၊ အဆောက်အအုံများနှင့် ငြိနေသည့် သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်များ ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၃၃၈)**

၀-၀-၀-၀-၀





## ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(မန္တလေး) (၂၅)နှစ်ပြည့် ငွေရတုအထိမ်းအမှတ် အခမ်းအနား ကျင်းပ

**မန္တလေး မေ ၂၇**

မန္တလေး၊ ပုသိမ်ကြီး မြို့နယ်ရှိ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(မန္တလေး)၏ (၂၅)နှစ်ပြည့်ငွေရတု အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါတက္ကသိုလ် မြတ်ရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေး တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးနှင့် ဆေးနှင့်ဆေးနီးနွယ် တက္ကသိုလ်များမှ ပါမောက္ခချုပ်များ တက်ရောက်၍ အဆိုပါ တက္ကသိုလ်၏ ငွေရတုအထိမ်းအမှတ်ပွဲတော်တွင် ပြသထားသည်များနှင့် ကျောင်းသား၊ ကျောင်းသူများ၏ မုန့်ဈေးပွဲတော်အတွင်း လှည့်လည် ကြည့်ရှုအားပေးခဲ့ကြသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးက တက္ကသိုလ်၏ ငွေရတုအထိမ်းအမှတ် ကိုတ်မုန့်ခွဲပေးခဲ့ပြီး ပါမောက္ခချုပ်(ပူးတွဲတာဝန်)ပါမောက္ခဒေါက်တာ ခင်ဝင်းစိန်၊ ဒုတိယပါမောက္ခချုပ် ပါမောက္ခဒေါက်တာလင်းထက်မြင့်နှင့် ပါမောက္ခဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ကထိက ဌာနမှူးများနှင့် ဆရာမများက "ငွေရတုခရီးဆက် ဆေးဘက်သမားတော်" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။

အခမ်းအနား ဒုတိယပိုင်းတွင် ကျောင်းသား၊ ကျောင်းသူများ၏ "စကားရည်လုပြိုင်ပွဲ" အစီအစဉ်ကို မွန်းလွဲ ၁ နာရီတွင် ကျင်းပခဲ့ပြီး တက္ကသိုလ် documentary video၊ ဘာသာရပ်အလိုက် documentary video၊ ဝတ္ထုရှည်၊ ဝတ္ထုတို၊ ကဗျာ၊ ကာတွန်း၊ ဓာတ်ပုံစသည့် ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဒုတိယပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ဆုများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## ကျေးလက်လမ်း၊ တံတားလုပ်ငန်းများ ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများအား တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**တပ်ကုန်း မေ ၂၇**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်အတွင်း ရာဂီသဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးသွားသည့် လမ်း၊ တံတားများ ပြုပြင်တည်ဆောက်ခြင်း လုပ်ငန်းခွင်များသို့ ယမန်နေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။



ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အင်ဂျင်နီယာချုပ်(မြို့ပြ)ဦးထွန်းဝေ၊ အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးကျော်ကျော်ထွေး၊ ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်အေးအေးဝင့်နှင့် တာဝန်ရှိသူများ ရာဂီသဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသော လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး၊ အချိန်မီ ပြီးစီးစေရေး အလေးထားဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း တပ်ကုန်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ ။**

## လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲ အခမ်းအနား ကျင်းပ

**ကသာ မေ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေဖြင့် ကသာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ကြီးကြပ်၍ ဖွင့်လှစ်သည့် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲ အခမ်းအနားကို ကသာခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနယာယီခန်းမတွင် ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကသာခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းဆွေက ယခုဖွင့်လှစ်သည့် သင်တန်းသည် မေ ၂၀ ရက်မှ ၂၄ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး နိုင်ငံခြားမှ တင်သွင်းလာသည့် လူသုံးကုန်ပစ္စည်းနေရာတွင် ပြည်တွင်းဖြစ် လူသုံးကုန်များအဖြစ် အစားထိုးနိုင်ရန်၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ထူထောင်ကြရန်၊ တစ်ဦးချင်းဝင်ငွေ တိုးပွားစေရန်၊ ဒေသခံပြည်သူများအလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်၊ လူသုံးကုန်ထုတ်လုပ်မှုဆိုင်ရာ ဥပဒေသများကို သိရှိနိုင်စေရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်းနှင့် တစ်ပိုင်တစ်နိုင် စီးပွားရေးပြုလုပ်နိုင်ရန်အတွက် မိမိတို့ဌာနအနေဖြင့် ပြင်ပကုမ္ပဏီများနှင့် ချိတ်ဆက်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ သင်တန်းသို့ တက်ရောက်လာကြသော သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး လက်ဆောင်ပစ္စည်းများနှင့် သင်တန်းဆင်းလက်မှတ်များကို ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စောကလျာ၊ ခရိုင်စာရင်းစစ်ဦးစီးဌာနခရိုင်ဦးစီးမှူး ဒေါ်သန်းသန်းဦးနှင့် ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်အေးမော်တို့က ပေးအပ်ကြရာ သင်တန်းသားများ၏ကိုယ်စား သင်တန်းသားတစ်ဦးက လက်ခံရယူခဲ့သည်။

ကသာခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဖွင့်လှစ်သည့် လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုသင်တန်းတွင် ပန်းကန်ဆေးဆပ်ပြာရည်၊ အဝတ်လျှော်ဆပ်ပြာရည်၊ လက်ဆေးဆပ်ပြာရည်၊ ကိုယ်တိုက်ဆပ်ပြာရည်၊ ခေါင်းလျှော်ဆပ်ပြာရည်၊ သဘာဝခေါင်းလျှော်ရည်၊ (Herabl) ရေချိုးဆပ်ပြာရည်၊ (Herabl ဓာတုနည်း) အမွှေးရည် Scrub ပြုလုပ်နည်းနှင့် မျက်နှာသစ်ဆပ်ပြာပြုလုပ်နည်း ၁၅ မျိုးကို သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



## ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အကြို စာစီစာကုံးပြိုင်ပွဲ ကျင်းပ



**မင်းဘူး မေ ၂၇**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့ အခြေခံပညာဦးစီးဌာနနှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၂၅ ခုနှစ်၊ ဇွန် ၅ ရက်တွင် ကျရောက်မည့် (၅၂)နှစ်မြောက် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အကြို အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများကို ယမန်နေ့ နံနက် ၉ နာရီခွဲက အ·ထ·က(၂)ကျောင်းတွင် ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် မင်းဘူး (စကု)မြို့နယ် အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများမှ အထက်တန်းအဆင့်ခြောက်ဦး၊ အလယ်တန်းအဆင့်ရှစ်ဦး၊ စုစုပေါင်းကျောင်းသား၊ ကျောင်းသူ ၁၄ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး အဆိုပါ စာစီစာကုံးပြိုင်ပွဲကို "ကမ္ဘာတစ်ဝန်းပလတ်စတစ် ညစ်ညမ်းမှု အဆုံးသတ်ရေး စုပေါင်းအားဖြင့် ဆောင်ရွက်ပေး" ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ကြကြောင်းနှင့် ဆုရသည့် ကျောင်းသား၊ ကျောင်းသူများကို ဇွန် ၅ ရက် မင်းဘူးမြို့ မင်းပူးဦးသြဘာသခန်းမ၌ ကျင်းပမည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားတွင် ဆုများ ပေးအပ်ချီးမြှင့်သွားမည် ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲများကို မင်းဘူးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအေးလွင်၊ ခရိုင်ပညာရေးမှူး ဒေါက်တာရဲညွှန့်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမောင်မောင်ကျော်၊ ခရိုင်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇေယျနှင့်မြို့နယ်ပညာရေးမှူး ဒေါ်သွယ်သွယ်တို့က ကြည့်ရှုအားပေးခဲ့ကြကြောင်းသိရသည်။

**(အပေါ်ဝဲပုံ)**

**(၅၀၄)**

၀-၀-၀-၀-၀-၀

၀-၀-၀-၀

# မိုးရာသီ သီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို စတင်ထုတ်ချေးပေးခြင်း အခမ်းအနား ကျင်းပ

**ပင်းတယ မေ ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့ဆင်ခေါင်းရပ်ကွက်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်ဘဏ်ခွဲမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် မိုးရာသီသီးနှံစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေးခြင်း အခမ်းအနားကို ယမန်နေ့တွင် ကျင်းပ၍ ချေးငွေများ စတင်ထုတ်ချေးပေးလျက်ရှိသည်။

အဆိုပါ အခမ်းအနားတွင် ပင်းတယမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်နောင်က အဖွင့်အမှာစကားပြောကြားရာတွင် ဓနုဒေသ၊ ပင်းတယမြို့နယ်ရှိ မြို့ပေါ်ရပ်ကွက်(၁၃)ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၂၇ အုပ်စု၊ ကျေးရွာပေါင်း ၁၃၅ ရွာ၌ မှီတင်းနေထိုင်ကြသော ဓနု၊ တောင်ရိုး၊ ပအိုဝ်း၊ ပလောင်၊ ရှမ်း အစရှိသည့် တိုင်းရင်းသားမိဘပြည်သူများ၏ မိသားစုစားဝတ်နေရေးတွင် အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ကြရန် မိုးရာသီသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးပေးနိုင်၍ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ပင်းတယမြို့နယ်ဘဏ်(ခွဲ)မှ ဒေသနေတောင်သူများအား မိုးရာသီ သီးနှံစိုက်ပျိုးစရိတ်ငွေများ ထုတ်ချေးပေးနိုင်ရန်အတွက် ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ပင်းတယမြို့နယ် ဘဏ်ခွဲမှ ၂၀၂၅ ခုနှစ် မိုးရာသီ သီးနှံစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးနိုင်ရန်အတွက် လာရောက်ကြသော ပထမဦးဆုံးနှင့် အစောဆုံး ပြေကြေသည့် ထယ်သွန်းကျေးရွာအုပ်စုရှိ တောင်သူ ၄၅ ဦးသို့ မိုးစပါးနှင့် အခြားသီးနှံစိုက်ဧက ၂၁၆ ဧကအတွက် ချေးငွေပေါင်း ၃၂၁ ဒသမ ၅ သိန်းအား အဆင်ပြေစွာ စတင် ထုတ်ချေးပေးနိုင်ရန် မြို့နယ်ဘဏ်ခွဲတာဝန်ခံ ဒေါ်ဥမ္မာထွန်းနှင့် ဘဏ်ခွဲဝန်ထမ်းများက စနစ်တကျ ထုတ်ချေးဆောင်ရွက်ပေးခဲ့သည်။

ပင်းတယမြို့နယ်အတွင်း ဒေသနေ ဓနု၊ တောင်ရိုး၊ ပအိုဝ်း၊ ပလောင်၊ ရှမ်းအစရှိသော တိုင်းရင်းသားမိဘပြည်သူများ၏ ရာသီအလိုက် သီးနှံများ စိုက်ပျိုးစရိတ် ချေးငွေ အပြေအကြေပေးဆပ်ပြီးသော ကျေးရွာအုပ်စုများရှိ စိုက်ပျိုးတောင်သူများအား ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ၂၀၂၅ မိုးရာသီ သီးနှံစိုက်ပျိုးစရိတ် ချေးငွေများအား စနစ်တကျ ဆက်လက်ထုတ်ချေးပေးနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

**(၃၃၈)**





# သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူပညာပေး ဆွေးနွေးပွဲ ကျင်းပ

**လယ်ဝေး မေ ၂၇**

ပြည်ထောင်စုနယ်မြေ၊ လယ်ဝေးမြို့နယ်၊ ရွာချောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ယမန်နေ့ မွန်းလွဲ ၂ နာရီက သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူပညာပေး ဆွေးနွေးပွဲ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲသို့ နေပြည်တော်၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးစိုးနိုင်၊ မြို့နယ်ဦးစီးမှူး ဦးစောဝင်းနှင့် ဝန်ထမ်းများ၊ ဒေသခံ တောင်သူ ၄၂ ဦး တက်ရောက်ကြသည်။ အဆိုပါ ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ဒု-တိုင်းဦးစီးမှူးက စပါးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ စပါးရိုင်းဖြစ်ပေါ်ခြင်းမှ ကာကွယ်နိုင်ရန်အတွက် ဆောင်ရန်၊ ရှောင်ရန် အချက်များ၊ အရည်အသွေးမြင့်မျိုးများ (ပေါ်ဆန်းမွှေး) ပြောင်းလဲစိုက်ပျိုးနိုင်ရေး ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# ပြည်သူ့စာကြည့်တိုက်တွင် မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ ဆွေးနွေးပွဲ (Talk Show) ကျင်းပ

**တောင်တွင်းကြီး မေ ၂၇**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် ပြည်သူ့စာကြည့်တိုက်တွင် မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာဆွေးနွေးပွဲ (Talk Show) ကို မေ ၂၄ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ရေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်က (Talk Show) ကျင်းပရခြင်း၏ ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခဲ့ပြီး လူမှုဝန်ထမ်းဦးစီးဌာန၊ တောင်ပြင်(၂) မူလတန်းကြိုကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မေသူမောင်မောင်က မသန်စွမ်းသူများ၏ အခွင့်အရေးများအကြောင်း၊ မသန်စွမ်းအမျိုးအစားများ၊ မသန်စွမ်းသူများအတွက် ဆန်းသစ်တီထွင်မှုများအကြောင်း၊ မသန်စွမ်းသင်တန်းကျောင်းများ ဖွင့်လှစ်ထားရှိမှုအခြေအနေများအကြောင်း၊ အဆိုပါ သင်တန်းကျောင်းများတွင် သင်ကြားပေးသည့် ပညာရပ်များအကြောင်း၊ မသန်စွမ်းသူများကို နိုင်ငံတော်မှ ထောက်ပံ့ပေးမှုအခြေအနေများနှင့်ပတ်သက်၍ အကျယ်တဝင့် ဆွေးနွေးခဲ့သည်။

အဆိုပါ အသိပညာပေး ဆွေးနွေးပွဲ (Talk Show) အပြည့်အစုံကို ပြည်သူများ မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့် ပတ်သက်၍ လေ့လာသိရှိနိုင်စေရန်အတွက် တောင်တွင်းကြီးမြို့နယ် ပြည်သူ့စာကြည့်တိုက် Page မှ ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**နောင်နောင်(ဗိသနိုးမြေ)**

*-*-*-*-*




# ပြည်သူများအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေး

**ဇေယျာသီရိ မေ ၂၇**

နေပြည်တော်တိုင်းရင်းဆေးရုံကြီး ဆေးကုသရေးအဖွဲ့မှ ဇေယျာသီရိမြို့နယ်၊ ရွာစေးဖိုကျေးရွာ ဘက်စုံသုံးခန်းမ၌ ကျေးရွာအတွင်းမှ ပြည်သူများအား ယမန်နေ့ နံနက်ပိုင်းက တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့သည်။

ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် နေပြည်တော် တိုင်းရင်းဆေးရုံ ဒုတိယဆေးရုံအုပ် ဦးလှမော်နှင့် တိုင်းရင်းဆေးဆရာ၊ ဆရာမများက ကွင်းဆင်း ဆေးကုသပေးခြင်းဖြစ်ပြီး နေပြည်တော် တိုင်းရင်းဆေးပညာ ဦးစီးဌာနမှူးနှင့်အဖွဲ့မှ ပူးပေါင်း၍ ဇေယျာသီရိမြို့နယ်၊ သစ်တပ်ကျေးရွာအုပ်စု၊ ရွာစေးဖိုကျေးရွာမှ ဆေးကုသမှုခံယူသူ ၁၀၄ ဦးကို သွေးတိုး၊ ဆီးချို၊ ဒူးနာ၊ ခါးနာ၊ အာရုံကြောရောဂါများ၊ အဆစ်ရောင်၊ လေးဖက်နာ၊ ခေါင်းမူး၊ ခေါင်းကိုက်၊ အကြောတက်၊ ကိုက်ခဲ၊ လေဖြတ်၊ လေငန်းရောဂါ၊ ထုံနာကျင်နာရောဂါများ ကုသပေးခဲ့ပြီး တိုင်းရင်းဆေးပညာအကြောင်း သိကောင်းစရာများအား ရှင်းလင်းဟောပြောခဲ့သည်။

ထိုသို့ တိုင်းရင်းဆေးပညာဖြင့် ဆေးကုသမှုပေးရာနေရာသို့ ဇေယျာသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇေထက်အောင်နှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**




# ဖန်းမောက်မြို့နယ်၌ မှိုရှာဖွေရောင်းချသူများ တစ်ဖက်တစ်လမ်းမှ ဝင်ငွေများရရှိ

**ဖန်းမောက် မေ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဖန်းမောက်မြို့နယ်တွင် ယခုအချိန်အခါ၌ မှိုရှာဖွေရောင်းချသူများ တစ်ဖက်တစ်လမ်းမှ ဝင်ငွေများရရှိကာ စားဝတ်နေရေး အဆင်ပြေလာလျက်ရှိကြောင်း မှိုရှာဖွေရောင်းချသူများထံက သိရသည်။

ဖန်းမောက်မြို့နယ်သည် တောတောင် လျှိုမြောင်စိမ့်စမ်းများ ပေါများသဖြင့် ထိုတောတောင်များတွင် မိုးတွင်းကာလများတွင်သာ ပေါက်ရောက်ကြသော မှိုအမျိုးမျိုးကို သွားရောက်ရှာဖွေ၍ မှိုအမျိုးအစားအလိုက် တစ်ပုံလျှင် ငွေကျပ် ၃၅၀၀၊ ၅၀၀၀ ဈေးဖြင့် မြို့မဈေး၊ လွှစင်ကုန်းဈေးနှင့် မြို့ထဲသို့ သွားရောက်ရောင်းချကြကာ တစ်ရက်လျှင် မှိုရှာဖွေရောင်းချသူများမှာ ငွေကျပ် ၇၀၀၀၀ မှ ၁၀၀၀၀၀ အထိ ရရှိကြသဖြင့် တစ်ဖက်တစ်လမ်းမှ ဝင်ငွေများရရှိနေကြပြီး စားဝတ်နေရေး အဆင်ပြေလျက်ရှိသည်။

"ကျွန်မတို့ဆီမှာ တော၊ တောင်၊ ရေ၊ မြေတွေ ကောင်းကြတယ်။ တောင်ယာတွေလည်း ပေါတယ်။ တော၊ တောင်တွေမှာ မိုးတွင်းကာလရောက်ရင် ပေါက်ရောက်ကြတဲ့ မှိုအမျိုးမျိုးကို သွားရောက်ရှာဖွေပြီးတော့ မြို့ပေါ်က ဈေးကြီး၊ လွှစင်ကုန်းဈေး၊ မြို့ထဲတွေမှာ လှည့်ပြီး ရောင်းပါတယ်၊ မှိုအမျိုးအစားအလိုက် လက်စွပ်မှို၊ တောင်ပို့မှိုဆိုရင် တစ်ပုံကို ငွေကျပ် ၅၀၀၀၊ ၆၀၀၀ အထိ ရောင်းရပါတယ်။ အခြားမှိုတွေဆို ငွေကျပ် ၃၅၀၀ မှ ၄၀၀၀ အထိ ရောင်းရပြီးတော့၊ မှိုဥ(အင်ဥ)မှို နို့ဆီဘူးတစ်ဘူးကို ငွေကျပ် ၃၅၀၀ အထိ ရောင်းရပြီး တစ်ရက်ကို မှိုရှာရောင်းတာ ငွေကျပ် ၁၀၀၀၀၀ အထိ ရကြတော့ စားဝတ်နေရေး အဆင်ပြေပါတယ်"ဟု ခမိုးကျေးရွာနေ ဒေါ်ပုက ပြောသည်။



ဖန်းမောက်မြို့နယ်အတွင်းရှိ တောတောင်များတွင် အင်တိုင်းမှို၊ မှိုသင်္ကန်း၊ မှိုတုံတုံ၊ မှိုဆော်လာ၊ တောင်ပို့မှို၊ လက်စွပ်မှို၊ မှိုဥ(အင်ဥ)၊ မှိုအိုးမည်း စသည့်မှိုများပေါက်ရောက်ကြပြီး ဒေသခံပြည်သူများက ကြော်ချက်၍လည်းကောင်း၊ ကန်စွန်းရွက်ဖြင့် ကြော်၍လည်းကောင်း၊ ချဉ်ပေါင်ရွက်ဖြင့် ရောချက်၍လည်းကောင်း၊ မှိုဆန်လှော်ချက်၍လည်းကောင်း၊ ရေနွေးဖျောကာ သရက်သီးစိမ်းဖြင့် သုပ်၍လည်းကောင်း အမျိုးမျိုး စားသုံးကြကြောင်း သိရသည်။ **(ဓါပုံ)**

**လှိုင်ဘွား(ဖန်းမောက်)**

## မန္တလေးတက္ကသိုလ် နှစ်တစ်ရာပြည့်အခမ်းအနားကျင်းပနိုင်ရေး ကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေး



**မန္တလေး မေ ၂၇**

မန္တလေးတက္ကသိုလ် နှစ်တစ်ရာပြည့် အခမ်းအနားကျင်းပနိုင်ရေး ဖွဲ့စည်းထားရှိပြီးသော ဆပ်ကော်မတီဝင်အသီးသီး၏ ကော်မတီဝင်များနှင့် ဦးဆောင်ကော်မတီ တွေ့ဆုံဆွေးနွေးပွဲကို မေ ၂၅ ရက် နံနက် ၉ နာရီက မန္တလေး၊ မဟာအောင်မြေမြို့နယ် ၅၃လမ်းနှင့် ၃၆လမ်းရှိ Hazel Hotel တွင် ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် မန္တလေးတက္ကသိုလ် နှစ်တစ်ရာပြည့် ကျင်းပရေးကော်မတီနာယက ဆရာကြီး ဦးတင်မောင်က အဖွင့်အမှာစကားပြောကြားရာတွင် ကော်မတီဝင်များနှင့် မြို့မိ၊ မြို့ဖများ ကျောင်းသူ၊ ကျောင်းသားဟောင်းများ တက်ညီလက်ညီ ဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မန္တလေးတက္ကသိုလ်ရာပြည့်ပွဲတော် ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာသီတာဝင်းက လုပ်ဆောင်ပြီးစီးမှုများနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားရာတွင် ရည်ရွယ်ချက်သုံးရပ်နှင့် ပွဲတော်ကျင်းပနိုင်ရေး အာစရိယပူဇော်ပွဲ ကျင်းပနိုင်ရေးနှင့် ရာပြည့်မဂ္ဂဇင်းထွက်ရှိနိုင်ရေး အထိမ်းအမှတ် ကျောက်တိုင် စိုက်ထူနိုင်ရေးတို့ကို ရှင်းလင်းပြောကြားသည်။ ဇူလိုင် ၄ ရက်တွင် ရာပြည့်အထိမ်းအမှတ် အခမ်းအနား လုပ်စေချင်သည်ဟု ပြောကြားသည်။

ဆက်လက်၍ ကော်မတီနာယက ဝဏ္ဏကျော်ထင် သီရိပျံချီ ဦးမောင်ကိုက ပွဲတော်ကျင်းပနိုင်ရန် လိုအပ်ချက်များကို အကြံပြုဆွေးနွေးပြီး မြို့၊ မိမြို့ဖများ ကျောင်းသူ၊ ကျောင်းသားဟောင်းများ ပူးပေါင်းလုပ်ဆောင်ရာတွင် လူအား-ငွေအား-လေအားများလည်း လိုအပ်ကြောင်း စသည်ဖြင့် ပြောကြားသည်။ ထို့နောက် ကော်မတီနာယက ဒေါက်တာမောင်သင်းက မန္တလေးတက္ကသိုလ် နှစ်တစ်ရာပြည့် အခမ်းအနားကြီးကို မြို့မိ၊ မြို့ဖများ ကျောင်းသား၊ ကျောင်းသူဟောင်းများ ပူးပေါင်း၍ အောင်မြင်အောင် ဆောင်ရွက်ရန်ပြောကြားသည်။ ဆက်လက်၍ မန္တလေးတက္ကသိုလ် ရာပြည့်မဂ္ဂဇင်းကော်မတီ ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်လေးနှင့် ဆရာဆူးငှက် စာအုပ်ထွက်ရှိနိုင်ရေး လုပ်ဆောင်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ဆရာကြီး တမ္ပဝတီ ဦးဝင်းမောင်က အထိမ်းအမှတ် ကျောက်တိုင်အကြောင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် အလှူရှင်များက အလှူငွေများပေးအပ်ပြီး ကော်မတီဝင် အသီးသီးက အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**ခင်ခင်ဝင်း(ပညာရေး)**

## ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ သီတင်းပတ် အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**သရက် မေ ၂၇**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ သီတင်းပတ် အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၈ ခွဲနာရီက အမှတ်(၁)အခြေခံနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ရာပြည့်ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် လက်ထောက်ညွှန်ကြားရေးမှူး ဆရာမကြီး ဒေါ်ခင်မေကျော်ကိုက အဖွင့်အမှာစကားပြောကြားရာတွင် "ကျောင်းနေအရွယ်ကလေးများအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့" ဟူသော ဆောင်ပုဒ်နှင့်အညီ အချိန်မီ ကျောင်းအပ်နှံကြရန်နှင့် ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းအပ်နှံရေးအတွက် သက်ဆိုင်ရာ မိဘအုပ်ထိန်းသူများ ရပ်ရွာလူထုများ၊ ဌာနဆိုင်ရာများ အနေဖြင့် အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန် ပြောကြားပေးခဲ့ပြီး ဒုတိယမြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်စုလှိုင်မြင့်က ကျောင်းအပ်နှံရေး သီတင်းပတ် အထိမ်းအမှတ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။



ထို့နောက် ကျောင်းသား၊ ကျောင်းသူများအတွက် နိုင်ငံတော်က အခမဲ့ထောက်ပံ့သော ပစ္စည်းများအား လက်ထောက်ညွှန်ကြားရေးမှူး ဆရာမကြီး ဒေါ်ခင်မေကျော်နှင့်တာဝန်ရှိသူ အသီးသီးက ပေးအပ်ရာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းဆင့် ကျောင်းသား၊ ကျောင်းသူများက လက်ခံပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**စော်ထက်(သရက်)**

## ပုဗ္ဗသီရိမြို့နယ်၊ လူထုအခြေပြုဗဟိုဌာန (Community Centre) ၌ ဉာဏ်စမ်းပြိုင်ပွဲ၊ စာလုံးပေါင်း သတ်ပုံအမှန် ရွေးချယ်ပြိုင်ပွဲနှင့် ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပ

**ပုဗ္ဗသီရိ မေ ၂၇**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အဝါရောင်မျိုးဆက်သစ် လူငယ်ပရဟိတအသင်း(YGW) တို့ ပူးပေါင်း၍ ဉာဏ်စမ်းပြိုင်ပွဲ၊ စာလုံးပေါင်း သတ်ပုံအမှန် ရွေးချယ်ပြိုင်ပွဲနှင့် ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲကို မေ ၂၆ ရက် နံနက်ပိုင်းတွင် ပုဗ္ဗသီရိမြို့နယ်၊ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**



ရှေးဦးစွာ ပုဗ္ဗသီရိမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်နန်းဆွေဆွေအေးက ပြိုင်ပွဲကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အဝါရောင်မျိုးဆက်သစ် လူငယ်ပရဟိတအသင်း(YGW)မှ ကျောင်းသား၊ ကျောင်းသူလေးများက သက်ဆိုင်ရာ ပြိုင်ပွဲများအလိုက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကာ ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး အခမ်းအနားအပြီးတွင် ကျောင်းသား၊ ကျောင်းသူများက ပုဗ္ဗသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်များအား စိတ်ဝင်တစား လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။**အောင်ကို(ပြန်/ဆက်)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ကျောင်းဖွင့်ချိန်

\- - - - - - - - - -

* အရှေ့ဆီမှာ ရောင်ဝါနီ
နံနက် မိုးသောက်ပြီ
မျက်နှာသစ်ကာ သွားတိုက်လို့
ဖေဖေ မေမေ ကန်တော့စို့ ။

* သနပ်ခါးတို့ ပါးကွက်ညီ
ဖြူစိမ်းတူညီဝတ်ဆင်သည်
စာအုပ်ခဲတံ စီစဉ်ထား
ကျောင်းကို သွားစို့လား ။


* မောင်တို့ မယ်တို့ စုံလင်ပြီ
အလံတိုင်ရှေ့ ညီညီစီ
ဝါစိမ်းနီပြာ အသင်းတို့
အလေးပြုကြစို့ ။

* စာရိတ္တမို့ စိတ်မှာတည်
သုတ၊ ပညာ သင်ကြားမည်
ဘက်စုံပညာ ပေါင်းစပ်ထား
ကိုယ်လက်လှုပ်ရှား အားကစား ။

* ကျောင်းတက်မှန်၍ စာအံသည်
စည်းကမ်းများလည်း လိုက်နာမည်
အားထုတ်ကြိုးစား မပျင်းငြား
လူကောင်း လူတော် ဖြစ်စေသား ။ ။

**(ကျောင်းအပ်နှံရေးနေ့အား ဂုဏ်ပြုလျက်)**

**ဦးခေ**





## မြို့နယ်လုံးဆိုင်ရာ(၇၁/၆၉)ကြိမ်မြောက် သာသနဟိတ ပရိယတ္တိစာပြန်/စာဖြေပွဲ ကျင်းပ

**ပင်းတယ မေ ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ် မြို့နယ်မွှာရုံ (ဒေသအခေါ်-မြို့လယ်မွှာရုံကြီး ၌ မြို့နယ်လုံးဆိုင်ရာ(၇၁/၆၉) ကြိမ်မြောက် သာသနဟိတ ပရိယတ္တိစာပြန်/စာဖြေ)ပွဲကို ၁၃၈၇ ကဆုန်လပြည့်ကျော် ၁၁ ရက်မှ ၁၄ ရက် (မေ ၂၂ ရက်မှ ၂၆ ရက်)အထိ ကျင်းပခဲ့သည်။

အဆိုပါ သာသနဟိတ ပရိယတ္တိစာပြန်/စာဖြေပွဲတော်ကြီးအား မြို့နယ်လုံးကျွတ်ပရိယတ္တိ စာသင်တိုက်အသီးသီးမှ ရဟန်းရှင်သာမဏေများ လာရောက် ပြန်/ဆို စာမေးပွဲကြီးကို မြို့နယ်သံဃနာယက ဆရာတော်များနှင့် မြို့နယ်ကျောင်းတိုက်အသီးသီးမှ စာချ၊ စာထောက်ဆရာတော် သံဃာတော် ၇၂ ပါးတို့က ဦးစီး၍ သံဃာတော် သုံးပါး၊ စာဖြေသံဃာတော် ခြောက်ပါး၊ စုစုပေါင်း ကိုးပါး၊ စတုတ္ထတန်း စာပြန်သံဃာတော် တစ်ပါး၊ စာဖြေသံဃာတော် ၁၀ ပါး၊ စုစုပေါင်း ၁၁ ပါး၊ တတိယတန်း စာပြန် သံဃာတော် ရှစ်ပါး၊ စာဖြေသံဃာတော် ၃၂ ပါး၊ စုစုပေါင်း အပါး ၄၀ ၊ ဒုတိယတန်း စာပြန်သံဃာတော် ကိုးပါး၊ စာဖြေသံဃာတော် ၁၁ ပါး၊ စုစုပေါင်း အပါး ၂၀ ၊ ပထမတန်း စာပြန်သံဃာတော် ၅၁ ပါး၊ စာဖြေသံဃာတော် ၉၇ ပါး၊ စုစုပေါင်း ၁၄၈ ပါး၊ မူလ(ခ)တန်း စာပြန်သံဃာတော် ၃၁ ပါး၊ စာဖြေသံဃာတော် ၂၈ ပါး၊ စုစုပေါင်း ၅၉ ပါး၊ မူလ(က)တန်း စာပြန်သံဃာတော် ၁၈၀ ပါး၊ စာဖြေသံဃာတော် ၁၁၄ ပါး၊ စုစုပေါင်း ၂၉၄ ပါး၊ ပထမ အဆင့် စာပြန်သံဃာတော် ၁၅ ပါး၊ စာဖြေသံဃာတော် ၁၅ ပါး၊ စုစုပေါင်း အပါး ၃၀ တို့ ကောင်းမွန်စွာ အာဂုဏ်ပြန်/ရေး ဖြေနိုင်ကြစေရန် မြို့နယ်သံဃနာယက ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ(ရွာငယ်ကျောင်းသစ်ကျောင်း)နှင့် မြို့နယ်လုံးကျွတ် ကျောင်းတိုက်အသီးသီးမှ ဆရာတော်၊ သံဃာတော်များ ဝိုင်းဝန်းဆောင်ရွက်ပေးမှုဖြင့် အောင်မြင်စွာ ကျင်းပပေးလျက်ရှိပြီး မြို့နယ်လုံးကျွတ် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့က ဆွမ်း၊ ကွမ်းနှင့် ကိစ္စအဝဝတို့ကို ကုသိုလ်ယူပူးပေါင်းဆောင်ရွက်လှူဒါန်းပေးမှုများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

(၇၁/၆၉)ကြိမ်မြောက် စာပြန်/စာဖြေစာမေးပွဲများကို ကဆုန်လပြည့်ကျော် ၁၄ ရက်အထိ ကျင်းပပေးလျက်ရှိပြီး ကဆုန်လပြည့်ကျော် ၁၅ ရက် (ဒေသအခေါ်-ကဆုန်လကွယ်) နေ့၌ စာအောင်ဆုနှင်းသဘင်ပွဲတော်ကြီးအား ဆက်လက်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)(၃၃၈)**

## (၂၁)ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲ ကျင်းပ

**မန္တလေး မေ ၂၇**

ပုသိမ်ကြီးမြို့နယ်၊ ပေါက်မြိုင်ကျေးရွာအုပ်စု၊ ကြံခင်းကျေးရွာ၊ ကြံခင်းရွာဦးကျောင်း ဓမ္မာစရဗိမာန်တော်ကြီးတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော (၂၁)ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းကျမ်းရွတ်ဖတ်ပူဇော်ပွဲ၏ ပဋ္ဌာန်းအောင်ပွဲ ရေစက်ချမင်္ဂလာကို မေ ၂၆ ရက် နံနက် ၉ နာရီက အဆိုပါဓမ္မဗိမာန်တော်၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားသို့ ကြံခင်းကျောင်းတိုက် ပဓာန နာယက ဗုဒ္ဓသာသနာပြုဆရာတော် ဘဒ္ဒန္တ တိက္ခာစာရ အမှူးပြုသော နာယကဆရာတော် ငါးပါး၊ ပဋ္ဌာန်း ဘာဏက သံဃာတော် အပါး ၃၀ ကြွရောက်ပြီး ပဋ္ဌာန်းပွဲဖြစ်မြောက်ရေးအတွက် လှူဒါန်းကြသော ပဋ္ဌာန်းဒါယကာ၊ ဒါယိကာမများ၊ နေ့ဆွမ်း၊ အရုဏ်ဆွမ်း၊ နဝကမ္မဝတ္ထုငွေ၊ ဖျော်ရည်အချိုပွဲ ကုသိုလ်ရှင်မိသားစုနှင့် ဝေယျာဝစ္စလှူငယ်မောင်မယ်များ၊ ရပ်မိ၊ ရပ်ဖများ၊ တက်ရောက်ကြည်ညို၍ အခမ်းအနားကို "နမောတဿ"သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ကြသည်။

ဆက်လက်၍ ဘဒ္ဒန္တအာစိဏ္ဏက အောင်ဆုလွှာဂါထာတော်ဖြင့် ရှိခိုးပူဇော်၍ ဝင်းခြံ(တောင်)တောရကျောင်းဆရာတော် ဘဒ္ဒန္တပညာဝံသက အနုမောဒနာဂါထာဖြင့် ရှိခိုးပူဇော်ပြီး ကြံခင်းကျောင်းတိုက် ပဓာနနာယက ဗုဒ္ဓသာသနာပြု ဆရာတော် ဘဒ္ဒန္တ တိက္ခာစာရထံမှ ဧည့်ပရိသတ်အပေါင်းတို့က သီလခံယူဆောက်တည်၍ ရေစက်ချအနုမောဒနာတရားနာယူကာ အမျှပေးဝေကြသည်။ ထို့နောက် ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များကို ချီးမြှင့်တော်မူကြပြီး မန္တလေးသာသနာ့တက္ကသိုလ် ဆရာတော် ဘဒ္ဒန္တပညာဝံသက အခမ်းအနားသိမ်း အောင်ပွဲဂါထာတော်ဖြင့် ပူဇော်ပြီး ပေါက်မြိုင်ကျောင်းဆရာတော် ဘဒ္ဒန္တကုဏ္ဍောဘာသက နတ်ဗြဟ္မာအပေါင်းတို့အား ပြန်လည်ပို့ဆောင်၍ ပဋ္ဌာန်းသိမ်းအောင်ပွဲကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။ အဆိုပါပဋ္ဌာန်းပွဲကို ငါးရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်ခဲ့ကြောင်း သိရသည်။ (၀၄၃)



## အမရပူရမြို့နယ်တွင် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနား ကျင်းပ

**အမရပူရ မေ ၂၇**

မန္တလေး၊ အမရပူရမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် မှန်တန်းရပ်ကွက်ပလစ(၂)စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအခြေခံပညာအထက်တန်းကျောင်းရှိ စကြာမင်းခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားကို ကျောင်းသား၊ ကျောင်းသူလေးများက မြန်မာ့ကျောင်းသီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ခဲ့ပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးတင်ကိုလင်းနှင့် ခရိုင်ပညာရေးမှူးဒေါ်ထုလွှမ်တို့က အမှာစကားပြောကြားခဲ့သည်။ ဆက်လက်ပြီး မြို့နယ်ပညာရေးမှူး ဒေါ်ထားထားစိန်းက ကျောင်းအပ်နှံရေးနေ့ အကြောင်း ကိုပြောကြားခဲ့သည်။ အခမ်းအနားသို့ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများ တက်ရောက်ခဲ့ကြသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးတင်ကိုလင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးညွန့်ဦးနှင့် တာဝန်ရှိသူများသည် နိုင်ငံတော်မှ အခမဲ့ဖြန့်ဝေသည့် အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များ၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများကို ပေးအပ်ခဲ့ရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။ ယင်းနောက် ငလျင်ဒဏ်သင့် Grade-1 နှင့် Grade-2 ကျောင်းသား၊ကျောင်းသူ ၁၈၀၂ ဦးအတွက် Rotary Club of Mandalay ဥက္ကဋ္ဌက ကျောပိုးအိတ်၊ ကွန်ပါဘူးနှင့် စာရေးကရိယာအစုံတို့ကို ပေးအပ်ခဲ့ရာ မြို့နယ်ပညာရေးမှူးက လက်ခံရယူခဲ့ပြီး မှတ်တမ်းဂုဏ်ပြုလွှာပြန်လည်ပေးအပ်ခဲ့သည်။

အမရပူရမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေး သီတင်းပတ်ကာလကို မေ ၂၂ ရက်မှ ဇွန် ၁ ရက်အထိဖြစ်ပြီး "ကျောင်းနေအရွယ်ကလေး အားလုံး စဉ်ဆက်မပြတ် ပညာ သင်ယူဖို့ ကျောင်းအပ်နှံကြပါစို့" ဆောင်ပုဒ်နှင့်အညီ ကျောင်းနေအရွယ် ကလေးများအားလုံး ပညာသင်ကြားနိုင်ရေးအတွက် ကျောင်းအပ်နှံခြင်းကို ကျောင်းသား၊ ကျောင်းသူများ၊ မိဘများနှင့် ဆရာ၊ ဆရာမများ အားလုံးက ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ **စိုးသီဟ(အမရ)**

## မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေ ငွေကျပ်(၅၃၈ ဒသမ ၂၁)ဘီလီယံ လျာထား

**မန္တလေး မေ ၂၇**

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို ၂၀၂၅ ခုနှစ် တိုင်းဒေသကြီး ပြည်နယ်အားလုံးအတွက် ငွေကျပ် ၅၃၈ ဒသမ ၂၁ ဘီလီယံလျာထားကြောင်း သိရသည်။

စိုက်ပျိုးစရိတ်ချေးငွေများကို မေ ၁၉ ရက်မှ စတင်၍ ထုတ်ချေးပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်(၈)ခုရှိ စိုက်ဧကပေါင်း ၄၆,၄၄၉ ဧကကို ငွေကျပ်(၆၁ ဒသမ ၆၁၉) ဘီလီယံ ထုတ်ချေးပေးထားပြီးဖြစ်သည်။

အလားတူ ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေကိုငွေကျပ် ၁၄၀ ဘီလီယံနီးပါး၊ ၂၀၂၆ ခုနှစ် မိုးကြိုရာသီစိုက်ပျိုးစရိတ် ချေးငွေကို ငွေကျပ် ၁၀ ဘီလီယံထုတ်ချေးရန်လျာထားကြောင်းလည်း သိရသည်။

အဆိုပါ စိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူလယ်သမားများအနေဖြင့် ယခင်ကြွေးကျန်ကင်းရှင်းမှသာ ချေးငွေအသစ်ထုတ်ချေးခွင့်ရရှိမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က အသိပေးထားပြီးဖြစ်သည်။ ပြီးခဲ့သည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စိုက်ဧကလေးသန်းခွဲကျော်အတွက် စိုက်ပျိုးစရိတ် ချေးငွေကျပ် ၆၂၃ ဒသမ ၁၄ ဘီလီယံကျော် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

၀-၀-၀-၀-၀

## မန္တလေးနှင့် စစ်ကိုင်းမြို့များရှိ ငလျင်ဘေးသင့် မသန်စွမ်း အိမ်ထောင်စုများအား ထောက်ပံ့

**မန္တလေး မေ ၂၇**

ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)ဥက္ကဋ္ဌ ဦးမြတ်သူဝင်းနှင့် အဖွဲ့ဆောင်များသည် မေ ၂၂ ရက်နှင့် ၂၃ရက်များက မန္တလေးမြို့နှင့် စစ်ကိုင်းမြို့များရှိ ငလျင်ဘေးသင့် မသန်စွမ်းအိမ်ထောင်စုများအား ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်၊ ငါးသေတ္တာ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်၊ ကိတ်ခြောက်၊ ပန်းကန်လုံး၊ ပန်းကန်ပြား၊ ဇွန်း၊ အိမ်သုံးဆေးဝါးများ၊ တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းများပါဝင်ပြီး မသန်စွမ်းသူများ၏ လိုအပ်ချက်ပေါ် မူတည်၍ မသန်စွမ်း အထောက်အကူပြုပစ္စည်းများ၊ Tent များနှင့် တာလပတ်များလည်း ထည့်သွင်းပံ့ပိုးပေးသွားမည် ဖြစ်သည်။




ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)သည် မေ ၂၄ ရက်တွင် စစ်ကိုင်းမြို့နယ်အတွင်းရှိ မသန်စွမ်းအိမ်ထောင်စု ၁၀၀ ကျော်ကိုလည်း ထောက်ပံ့မှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ဝဲပုံ)(၀၄၅)**

# ငလျင်ဘေးအလွန်(၁)

မတ် ၂၈ ရက် နံနက်စောစောထသည်။ အိမ်တွင် လိုအပ်သည့် ပြဖွယ်ရာများကို ဆောင်ရွက်သည်။ အပတ်စဉ် ၂ ရက် ဆွမ်းချိုင့်ကုသိုလ် ယူထားသည်။ ဆွမ်းချိုင့်ပို့ရမည်ဖြစ်၍ နန်းရှေ့ဈေးသို့ ပြေး၍ ဈေးဝယ်သည်။ စိတ်ကူးတည့်ရာ အသီးအရွက်များနှင့် အသားတစ်မျိုးဝယ်ခဲ့သည်။ အိမ်ရောက်သည်နှင့် ကြီးဖွားအား ဟင်းချက်စရာများ အပ်သည်။ ထို့နောက် ရေချိုးရန်ပြင်သည်။ ရုံးသို့ စောစောသွားရမည်။ ယခင်က နံနက်အိပ်ရာမှ နိုးသည်နှင့် မိသားစုအတွက်နှင့် ဆွမ်းချိုင့်အတွက် ကိုယ်တိုင်ဈေးဝယ်၊ ကိုယ်တိုင်ချက်၊ ထမင်းချိုင့် ၅ ချိုင့်ထည့်၍ ပြင်ဆင်၊ ရေချိုး၊ အဝတ်အစားလဲ၊ နံနက်စာစား၊ သမီးငယ်နှင့် တူ၊ တူမတို့ကို ကျောင်းပို့၊ သမီးကြီးကို ရုံးပို့၊ ပြီးမှ ကိုယ့်ရုံးကို သွားရသည်။ ယခု ကြီးဖွားကြီး ရှိ၍ အချက်အပြုတ် တာဝန်ယူစရာမလို၊ ကျောင်းပိတ်ချိန်ဖြစ်၍ ကျောင်းလည်း မပို့ရ၊ သမီးကြီးကလည်း ရုံးသို့ သူ့အစီအစဉ်ဖြင့် သွားနေပြီဖြစ်သည်။

ရေချိုးရန် ဆင်းလာစဉ် အိပ်ရာမှ ထလာသော မအိမ်သူက အပ်ချုပ်စက်ကို ကူပြင်ပေးရန် ပြောလာပြန်သည်။ မအိမ်သူက အလုပ်ပင်ပန်းသည်။ နံနက်ခင်းတွင် အိမ်၌ အလုပ်လာလုပ်ကြမည့် မွေးစားသမီးများ(သက်နှံချုပ်)အတွက် အလုပ်ကို ညကတည်းက စီစဉ်ရသည့်အတွက် ချုပ်မည့်အထည်များ၊ အော်ဒါများအတွက် စီစဉ်ရသည်။ တော်တော်နှင့်မအိပ်ရ၊ နေ့ခင်းတွင်လည်း ရပ်ကွက်ထဲမှ အထည်ချုပ်ရန် လာယူသူများ၊ ပုသိမ်ကြီးမြို့နှင့် ဝသုန္တရ၊ ဆားခါတောင်ရွာတို့မှ အထည်ချုပ်ရန် လာယူကြသူများကိုလည်း စီစဉ်ပေးရသည်။ မအိမ်သူက တစ်မျိုး။ အလုပ်ကို မနားမနေလုပ်နေရလျှင် နေကောင်းသည်။ အလုပ်မလုပ်ရသောနေ့ နေမကောင်းဖြစ်သည်။ သူက နှလုံးရောဂါသည်ဖြစ်သော်လည်း ပင်ပန်းခံနိုင်သည်။ ဘေးမှနေ၍ ဂရုစိုက်နေရသည်။ ထို့ကြောင့် နံနက်စောစော သူ့ကို မနိုး၊ အိမ်အတွက် ပြဖွယ်များကို အတတ်နိုင်ဆုံး ကိုယ်က သိမ်းကျုံးလုပ်ဖြစ်သည်။

မအိမ်သူက ဒစ်ဂျစ်တယ် မော်တာစက်တွင် ထိုင်၍ ကလိနေသည်။ လိုအပ်သော ဟာ့ဒ်ဝဲပိုင်းကို ကိုယ်က ပြင်သည်။ အသေးစိတ်မှာ မအိမ်သူက ကျွမ်းကျင်သည်။ ယခင်ရိုးရိုးခြေနင်းစက်များ ချုပ်စဉ်က ကိုယ်တိုင်လည်း ကျွမ်းကျင်၍ အစအဆုံး ကူပြင်ပေးနိုင်သည်။ ယခုစက်များက နည်းပညာမြင့်သည်။ ကွန်ပျူတာ ကွန်ထရိုလာများပါဝင်လာသည်။ စက်နှစ်လုံးခန့်စစ်ပေးပြီး မီးစက်များရှိရာ သွားခဲ့သည်။ စက်များတွင် ဒီဇယ်ဆီရှိ၊ မရှိ စစ်သည်။ တစ်နေ့ကုန်အလုပ် လုပ်သည်ဖြစ်၍ မီးစက်နှစ်လုံး အလှည့်ကျမောင်းရသည်။ မနေ့က စက်တစ်လုံး မီးခိုးထွက်၊ ဆီနံ့နံ၊ ခလုတ်ကြောင်၍ ရပ်ထားရသည်ဆို၍ တူးဘောက်ဆွဲကာ ပျက်သည်ဆိုသော စက်ရှေ့တွင် ထိုင်သည်။ နာရီကိုကြည့်ရာ နံနက် ၇ နာရီကျော်ပြီ။ ရုံးမသွားခင် အပြီးပြင်ခဲ့ပေးမှ ရမည်။ စက်ကို စစ်ကြည့်ရာ ဆီပိုက်ပေါက်၍ ဆီစိမ့်ထွက်ရာမှ စက်အပူရှိန်ဖြင့် မီးခိုးထွက်၊ ဆီနံ့နံခြင်း အပြစ်ကိုရှာ တွေ့သည်။ ဆီပိုက်ကို ပြန်ပြင်၍ သေချာစွာ တပ်သည်။ ကြောင်နေသော ပယ်နယ်ဘုတ်ကို ဖွင့်ရပြန်သည်။ လွတ်နေ၊ ကြောင်နေသည်များကို ပြင်သည်။ ချုပ်ဆွဲတံကြိုးထိန်းခေါင်း ကျွံသွားသဖြင့် ကြိုးထိန်းခေါင်းကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ထွင်၍ လုပ်ရသည်။ နာရီကို ကြည့်ရာ ၈ နာရီ ထိုးပြီးပြီ။ မီးစက်ကို နှိုး၍ စမ်းသည်။ အားလုံး အဆင်ပြေသွားပြီဖြစ်သည်။ အပ်ချုပ်စက်ပြင်ဆရာ ခေါ်လျှင် အနည်းဆုံး နှစ်သောင်း၊ သုံးသောင်း ကုန်သည်။ မီးစက်ပြင်ရန် စက်ဆရာခေါ်က အနည်းဆုံး လေးငါးသောင်း ကုန်သည်။ ကိုယ်တိုင်ပြင်၍ တစ်နေ့တာအတွက် သိန်းဂဏန်းနီးပါးမျှ ချွေတာလိုက်နိုင်သည်။ စက်ချုပ်မည့် သမီးများ ရောက်လာသည်။ ဆီရေးများဖြင့် ပေကျံနေသော ကျွန်တော့်ကို ရယ်ကြသည်။ အယ်ဒီတာကြီးက စက်ပြင်လည်း တော်တယ်ဟေ့ဟု ချီးကျူးကြသည်။ ငယ်စဉ်ကတည်းက စက်မှု ဆောက်လုပ်ရေးအတွေ့အကြုံများစွာရှိခဲ့၍ ပြင်နိုင်ခြင်းဖြစ်သည်။ မအိမ်သူကလည်း မိန်းကလေးဖြစ်သော်လည်း လျှပ်စစ်၊ စက်တို့ ပြင်တတ်ရုံမက ဆောက်လုပ်ရေးဆိုက်အတွင်းနှင့် ပရိဘောဂရုံကိုပင် ဦးစီးနိုင်ခဲ့သူဖြစ်သည်။ စက်ချုပ်မည့်ကလေးများက စက်များ အထစ်အငေါ့မရှိ ကောင်းသွားသဖြင့် ပျော်ကြသည်။ ရေမြန်မြန်ချိုး၊ နံနက်စာ စားပြီး ရုံးသို့ ထွက်ခဲ့သည်။

ရုံးရောက်သော် ၉ နာရီကျော်နေပြီဖြစ်သည်။ ကွန်ပျူတာရိုက်နေသူ သတင်း၊ ဆောင်းပါးများကို ရွေးချယ်ချထားပေးသည်။ လိုအပ်သည်များကို မှာခဲ့ပြီး စည်ပင်သာယာရုံးအတွင်း၌ ကျင်းပသည့် အစည်းအဝေးတက်ရန် ထွက်ခဲ့ရပြန်သည်။ အစည်းအဝေးက ၁ နာရီကြာသည်။ အစည်းအဝေးပြီးသည်နှင့် ၃၅ လမ်းမ ဆိုင်တစ်ဆိုင်တွင် စာရေးဆရာများနှင့် ချိန်းဆိုထားသည်ကို သတိရ၍ ရုံးသို့ မဝင်သေးဘဲ ဆိုင်သို့ သွားခဲ့သည်။ ကိုသွယ်အောင်၊ ဆရာထွန်းမြင့်၊ ဆရာတော် တက္ကသိုလ် တေဇလင်းနှင့် အခြားဆရာများ ရောက်နေကြပြီ။ ဝမ်းဗိုက်ကလည်း အချက်ပြနေပြီဖြစ်၍ ထိုဆိုင်တွင်ပင် နေ့လယ်စာ စားလိုက်သည်။ ပြောစရာ၊ ဆိုစရာများကို အမြန်လက်စသတ်ပြီးသည်နှင့် သတင်းစာတိုက်သို့ အမြန်ပြန်သည်။ ဖတ်ရမည့် စာဖောင်များက စားပွဲပေါ်တွင် ပုံနေပြီဖြစ်သည်။ စားပွဲတွင် ထိုင်မိသည်နှင့် နာရီကို ကြည့်မိရာ ၁၂ နာရီပင် ထိုးပြီဖြစ်သည်။ စာဖောင်စစ်ဆေးနေချိန်တွင် စာရေးဆရာစိုင်းအောင်မိန်း(မိုးတိုင်း)ရောက်လာသည်။ ခဏစကားပြောကြသည်။ တစ်ဖက်ခန်းမှ ခေါ်သံကြားသည်။ ဆရာစိုင်းအောင်မိန်းကို ခဏထား၍ သွားရာ ၁၀ ယောက်ခန့် ထမင်းဝိုင်းပြင်၍ ချိုင့်ဖွင့်စားနေကြသည်။ ဝင်စားရန် ခေါ်ခြင်းဖြစ်သည်။ စားခဲ့ကြောင်း ပြော၍ စားပွဲသို့ ပြန်ခဲ့သည်။ ဆရာစိုင်းအောင်မိန်းက စားပွဲပေါ်မှ ပုံနေသော စာဖောင်များကို ကြည့်၍ အားနာသဖြင့် ပြန်ရန် နှုတ်ဆက်သည်။ ဆရာစိုင်းအောင်မိန်းကို နှုတ်ဆက်ရင်း အောက်ထပ်သို့ ဆင်းရန် အတွက် နှစ်ဦးသား အခန်းမှ ထွက်လိုက်သည်။ နာရီကို လှမ်းကြည့်လိုက်ရာ ၁၂ နာရီနှင့် မိနစ် ၅၀ ရှိပြီဖြစ်သည်။ နှစ်ဦးသား စင်္ကြံလမ်းပေါ် အရောက်တွင် ရုတ်တရက်အဆောက်အအုံက ပြင်းထန်စွာ ခါရမ်းသွားသည်။ အားလုံးအထိတ်တလန့် ဖြစ်ကုန်သည်။ လူတစ်ယောက်လမ်းလျှောက်လျှင်ပင် သိသာစွာ တုန်ခါတတ်သော အဆောက်အအုံ ဖြစ်သဖြင့် ပို၍ တုန်ခါမှုကို ခံစားရသည်။ 'ဟာ ငလျင်လှုပ်တာဟေ့'ဟု အော်ပြီး အောက်ထပ်သို့ ဆင်းရန် အလယ်တံခါးသို့ သွားသည်။ ကြမ်းပြင်တွင် ကြောက်လန့်တကြားထိုင်နေကြသော စာပြင်သမီးငယ်များက လှမ်းအော်သည်။ 'အယ်ဒီတာကြီး ထိုင်နေ မသွားနဲ့'ဟု အော်သည်။ ဘေးမှ ချိုင့်များနှင့် Water Cooler ကြီး လဲကျသည်။ ရေသန့်ဘူးကြီးများ လိမ့်ကျသည်။ ဖွင့်လက်စတံခါးကို ကိုင်ထားပြီး ရပ်နေရသည်။ ငလျင်စလှုပ်လှုပ်ခြင်း ကြောက်လန့်မှု မရှိသော်လည်း အရှိန်ပြင်းပြင်းလှုပ်ပြီး အချိန်ကြာမြင့်လာသဖြင့် ထိတ်ခနဲဖြစ်သွားသည်။ အဆောက်အအုံတော့ပြိုပြီဟု တွေးပူမိသွားသည်။ ငလျင်ရပ်သည်နှင့် 'အောက်ဆင်းကြဟေ့'ဟု အော်၍ အလျင်အမြန်ဆင်းကြသည်။ ကွန်ပျူတာခန်းထဲတွင် စားလက်စထမင်းချိုင့်များ ပစ်ထားခဲ့၍ ပြေးဆင်းလာကြသည်။ ရုံးအောက် မြေကွက်လပ်တွင် ရပ်၍နေကြစဉ် နောက်ထပ် နောက်ဆက်တွဲ ငလျင်ခပ်ပြင်းပြင်းထပ်လှုပ်သည်။ အားလုံး မြေပြင်တွင် ထိုင်ကြသည်။ တစ်ယောက်လက်တစ်ယောက် ဆွဲထားကြသည်။ သတင်းထောက်မလေး ခြေချော်ကျ၍ ပွန်းပဲ့သွားသည်။ မိမိအိမ်များဆီသို့ ဖုန်းဆက်ကြသည်။ ဖုန်းလိုင်းများက ခေါ်၍ မရတော့။

အဖွဲ့လိုက် ဂိတ်ထောင်ကြားမှတစ်ဆင့် လမ်းပေါ် ထွက်ကြသည်။ သတင်းစာတိုက်ဘေးတိုက်ခန်းမှ ပြေးဆင်းလာကြသူများ၊ ထိခိုက်သူများကို သွားရင်းလာရင်း တွဲထူကူညီရသေးသည်။ ညှိသကျည်းတွင် ဖူးယောင်နေသော အစ်မကြီးကို တွေ့သည်။ အားပေးရသေးသည်။ ကိုင်ကြည့်ပြီး မကျိုးကြောင်း ရေခဲအုပ်ပေးထားပါဟု ပြောဆိုအားပေးခဲ့သည်။ ယာယီမင်္ဂလာဈေးနှင့် ဂိတ်ထောင်ဝင်းကြားမှ လမ်းပေါ်တွင် စု၍ ထိုင်ကြသည်။ တိုက်ခန်းများမှလည်း အားလုံး ထွက်ထိုင်ကြသည်။ ငလျင်ငယ်များက ဆက်တိုက်လှုပ်သည်။ ပတ်ဝန်းကျင်သည် မြေခိုးမြူမှုန်များထနေသဖြင့် မှုန်မှိုင်းနေသည့် မီးခိုးလုံးများကလည်း နေရာအနှံ့မြင်နေသည်။ ပတ်ဝန်းကျင်မှ လူသံများ၊ မီးသတ်ကားဥဩသံများကလည်း ဆူညံနေသည်။ လူနာတင်ကားများ၏ အသံကလည်း စိတ်ကို ပူပင်ချောက်ချားလာစေသည်။ သမီးကြီး ထိုအချိန်ခန့် တွင် စည်ပင်သာယာရုံးကြီးဝင်းထဲတွင် ရှိမည် ဖြစ်သည်။ အိမ်နှင့်လည်း အဆက်အသွယ်မရ၊ ကိုယ်က ပူနေသလို သူတို့လည်း ပူပင်နေရှာမည်ကို သိသည်။ သို့သော် ဖုန်းက ဆက်မရ။ ၃၅ လမ်းဘက်မှ သတင်းထောက် ကိုအောင်သန့်နိုင် ဆိုင်ကယ်ဖြင့် ဝင်လာသည်။ မေးမြန်းကြည့်ရာ ရုံးကြီးဝင်းမှ လာကြောင်း၊ အဆောက်အအုံများ အက်ကွဲကြောင်း၊ လူသူထိခိုက်မှု မရှိကြောင်း ပြောသဖြင့် သမီးကြီးအတွက် စိတ်အေးရသည်။ ငလျင်ငယ်များ ငြိမ်သက်သည်နှင့် အိမ်သို့ အပြေးပြန်ခဲ့သည်။ သို့သော် မအိမ်သူ သတိလစ်နေ၍ ပြုစုရသည်ဟု သမီးများက ပြောသည်။ ကိုယ်က ရုံး၊ သမီးကြီးကလည်း ရုံးမှာ သမီးငယ်က မုန့်ဆိုင်သွားနေချိန် ငလျင်လှုပ်၍ စိတ်ပူပြီး သတိလစ်သွားခဲ့သည်ဟု ဆိုသည်။ စိတ်ပူလောက်ပေသည်။ ရုံးမှအပြန် လမ်း ၃၀၊ ဗထူးကွင်းဘေးမှ အဆောက်အအုံကြီး စောင်း၊ ၆၂ လမ်းတစ်လျှောက် လူများက အုန်းအုန်းကျက်ကျက်၊ SKY Villa အနီးမှ ဖြတ်ခဲ့၍ အခြေအနေ အတော်ဆိုးကြောင်း သိခဲ့ရသည်။ နန်းဦးလွင်ရောက်တော့ မိတ်ဆွေအိမ်ပြို၍ မိသားစုလိုက်ကယ်ထုတ်ထားရကြောင်း သိ၍ ပြေးမေးရ၊ အားပေးရသည်။ ချက်ချင်း သတင်းစာတိုက်သို့ ပြန်ပြေးရသည်။ ကျွန်တော့်အိမ်ပေါ်မှ စာအုပ်စင်ကြီးလဲကျပြီး စာအုပ်များ ပြန့်ကျဲကုန်သည်။ စာအုပ်စီရန် တစ်ရက်အချိန်ပေးရတော့မည်။ အလုပ်များက မပြီးသေး။ အလာလမ်းကို မပြန်ဘဲ အခြားလမ်းက ဖြတ်ပြန်ခဲ့သည်။ မီးသတ်ကားသံ၊ လူနာတင်ယာဉ်သံ၊ လူသံများက ဆူညံနေဆဲဖြစ်သည်။ မီးခိုးလုံးများကလည်း မည်းမည်းထနေသည်။ ကျုံးနံဘေးမှ ဖြတ်ခဲ့သည်။ အက်ကွဲနေသော မြို့ရိုးကို ကြည့်၍ ရင်နင့်ရသည်။ ရှေးဟောင်းစေတီပုထိုးများရော အခြေအနေကောင်းပါရဲ့လား မသိနိုင်။ လောလောဆယ် တာဝန်ရှိသေး၍ ရုံးအမြန်ပြန်ခဲ့သည်။ ရုံးရောက်သည့်အခါ ဝန်ထမ်းများ ရုံးပေါ်သို့ ပြန်မတက်ရဲကြတော့သဖြင့် အိမ်ပြန်ခိုင်းခဲ့သည်။ သူတို့၏ မိသားစုများအတွက် ပူရှာကြမည်။ ညပိုင်းမှ အားလုံးစု၍ အလုပ်လုပ်ရတော့မည်။ သတင်းထောက်အဖွဲ့ ပြန်ရောက်လာသည်။ ဓာတ်ပုံများကို ကြည့်ပြီး မန္တလေးမြို့ကြီးအတွက် ဝမ်းနည်းရသည်။

ညနေစာကို ဖြစ်သလိုစားပြီး ရုံးညတာဝန်ထမ်းဆောင်ရန် ပြင်ဆင်သည်။ ရုံးပေါ်တွင် မနေရဲကြသဖြင့် ရုံးအောက်ဆိုင်ကယ်စတင်းတွင် ကွန်ပျူတာများရွှေ့၍ အလုပ်လုပ်ရန် ပြင်ဆင်ထားသည်။ မီးများ ပျက်နေ၍ မီးစက်ဖြင့် အလုပ်လုပ်ရမည်။ အခင်းခင်း၍ စားပွဲဝိုင်းချကာ စာဖတ်ရသည်။ နေ့ခင်းဘက်မှ အလုပ်များကို ပြီးအောင် အရင်ဖြတ်ရသည်။ ဒီည အဆပေါင်းများစွာ ပင်ပန်းသည်။ ကိုက်လိုက်သည့်ခြင်က သဲနှင့်ဆုပ်၍ ပက်သလိုပင်။ နောက်တစ်နေ့တွင် ခြင်ထောင်ယူခဲ့ပြီး ခြင်ထောင်ထဲတွင် အလုပ်လုပ်ရမည်။ အပေါ်ထပ်သို့ ခဏမျှ တက်ကြည့်ပြီး လိုအပ်သည့် သတင်းဖိုင်နှင့် စာမူများ ယူရသေးသည်။ Water Coolen ရေသန့်ဘူးများ၊ ပန်ကာများ လဲကျနေသည်။နေ့ခင်းက စားလက်စ ထမင်းချိုင့်များကလည်း ပြန့်ကျဲလျက်ရှိသည်။ ထမင်းချိုင့်များကို တူရာတူရာ ဆင့်၍ စုထားပေးလိုက်သည်။ ပြန့်ကျဲနေသော စာမူများကို လိုက်ကောက်ရသည်။ လဲနေသော ပန်ကာ၊ Water Cooler များကို ပြန်လည်တည့်မတ်သည်။ နေ့အဖွဲ့မိန်းကလေးများ ကြောက်လန့်တကြား ပြန်သွားကြသည်။ ထမင်းချိုင့်နှင့် ပစ္စည်းများပင် တက်မယူရဲကြပေ။ တတ်နိုင်သမျှ စု၍ သိမ်းပေးခဲ့သည်။ အောက်သို့ ပြန်ဆင်းပြီး ဆိုင်ကယ်စတင်းတွင် အလုပ်ပြန်လုပ်ခဲ့သည်။

သတင်းထောက်အဖွဲ့က ဓာတ်ပုံနှင့် သတင်းများကို ကွန်ပျူတာတွင် စုထည့်သည်။ ကြည့်ရင်း စိတ်မကောင်း၊ လဲပြိုနေသော အိမ်များစွာ တွေ့ရသည်။ သာသနိကအဆောက်အအုံပျက်တွေကလည်းများ၊ မဟာမုနိဘုရားတွင်လည်း အတော်များများ ပျက်စီးသည်။ ဘုရားဆင်းတုတော်ကြီး မပျက်စီး၍ တော်သေးသည်။ အခြားမြို့များတွင်လည်း အတော်ပျက်စီးကြောင်း သတင်းများ ကြားရသည်။ တစ်ညလုံး ဆိုင်ကယ်စတင်းထဲတွင် ငုတ်တုတ်အလုပ်လုပ်ရသည်။ မီးစက်ဖြင့် လုပ်ရ၍ နားငြီးသည်။ ပူအိုက်သည်။ ခြင်များကလည်း တရကြမ်းကိုက်၍ အငြိမ်မနေရဘဲ ရမ်းနေရသည်။ မတ် ၂၈ ရက်သည် အလွန်အလုပ်ရှုပ်သလောက် စိတ်ရော၊ လူပါ အလွန်ပင်ပန်းသော နေ့တစ်နေ့ ဖြစ်ခဲ့ရသည်။ ၂၄ နာရီပတ်လုံး တစ်ရေးမျှ မအေးရဘဲ အလုပ်လုပ်ရင်း၊ ပြေးရင်း၊ လွှားရင်း အချိန်ကုန်ခဲ့ရသည်။

(ဆက်လက်ဖော်ပြပါမည်)

**နိုင်ဗလ**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ



## Lee Soo hyuk ကို Good Day အစီအစဉ်နှင့် ပရိသတ်စိတ်ဝင်စားနေကြ

ဒစ်စနေးကိုးရီးယားမှ ထုတ်လွှင့်ခဲ့သည့် ဂျီဒရယ်ဂွန်နှင့် သူငယ်ချင်းများ ပါဝင်သည့် ဂီတရသစုံအစီအစဉ်တွင် အပိုင်း(၁၈) ပိုင်းပါပြီး ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက် ပေါင်းခြင်း ၁၈ နှင့် ကြော်ငြာ ၁၈ စက္ကန့်စာ တင်ပြထားရာ လီဆူဟွတ်ပါဝင်ထားပြီး ပရိသတ်စိတ်ဝင်စားမှု ရရှိထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။


အဆိုပါ အစီအစဉ်တွင် ဂျီဒရယ်ဂွန်က ၈၈ လကြာမှ ဂီတပြန်လည်လုပ်ခဲ့ကာ ၈၈ ခုနှစ်ဖွား သူငယ်ချင်းများဖြစ်ကြသည့် နာမည်ကြီးအနုပညာရှင် ကင်ဆူဟွမ်၊ လီဆူဟွတ်၊ ဂျောင်းဟေအင်း၊ အမ်ဆီဝမ်၊ ဟွမ်ကန်ဟီးတို့နှင့် တွေ့ဆုံ၍ ဂီတရသစုံကို တင်ဆက်ထားသည်။

ပရိသတ်များက လီဆူဟွတ် ပါဝင်ထားသည့် အပိုင်းများကို စိတ်ဝင်စားနေကြပြီး အင်တာဗျူးတွင် ဂျီဒရယ်ဂွန်က သူငယ်ချင်းကောင်းဟု ထုတ်ဖော်ပြောကြားသွားသည်။

(SKY)

0-0-0-0-0-0

## In Your Eyes တွင် စိတ်ချင်းဆက်သွယ်မှုရှိပုံကို ပြသထား




ဇာတ်ညွှန်း ဂျော့ချ်ဝီဒန်နှင့် ဒါရိုက်တာ ဘရင်ဟေးတို့ ရိုက်ကူးတင်ပြထားသည့် In Your Eyes ဇာတ်ကားသည် စိတ်ချင်းဆက်သွယ်မှုရှိပုံကို ထူးခြားစွာ ရိုက်ကူးတင်ပြထားသည့် စိတ်ကူးယဉ် အချစ်ဇာတ်ကားဖြစ်ကြောင်း ရိုတေးရှင်းဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

အဆိုပါ ဇာတ်ကားတွင် တစ်နေရာစီတွင် ရှိနေကြသည့် လူနှစ်ဦးတွင် တစ်ဦးက နာကျင်လျှင် အခြားတစ်ဦးကလည်း နာကျင်စွာ ခံစားရသည့် စိတ်ချင်းဆက်သွယ်မှုရှိပုံကို ဖော်ပြထားသည်။

ဖောက်ထွင်းမှုနှင့် ထောင်ကျ၍ ခံဝန်နှင့် အစိုးရအလုပ် လုပ်ပေးနေရကာ လိမ္မာစွာနှင့် ဘဝဖြတ်သန်းနေသည့် လူငယ်လေး တစ်ဦးနှင့် အရာရာကို ကြောက်ရွံ့စိတ်နှင့် ဆရာဝန်အစ်ကိုကြီးကို အားကိုး၍ ယူထားသည့် မိန်းကလေးတို့ စိတ်ချင်းဆက်မိကြပြီး ရင်ဖွင့်ရာမှ ရင်းနှီးလာခဲ့ကြသည်။

အိမ်ထောင်ရှင် မိန်းကလေးအပေါ် စည်းမကျော်ရန် ချထားသော်လည်း သံယောဇဉ်တိုးလာပြီး အခက်အခဲ၊ ဘဝပြဿနာများကို စွန့်စားဖြေရှင်းခဲ့ကြရာမှ စိတ်ကူးယဉ် အချစ်ဇာတ်လမ်းတစ်ပုဒ်ဖြစ်လာကာ ဇာတ်ကားတစ်ဝက်အထိ ဇာတ်ဝင်တေး Trouble I'm In က ပံ့ပိုးပေးထား၍ ပရိသတ်အားပေးမှု ရရှိထားသည်။

(SKY)

0-0-0-0-0-0

## တရုတ်သိပ္ပံပညာရှင်များ အနာဂတ်မျက်ကပ်မှန်များ တီထွင်


တရုတ်သိပ္ပံပညာရှင်များသည် အနီအောက်ရောင်ခြည်ကို မြင်နိုင်သည့်အလင်းအဖြစ် ပြောင်းလဲပေးသည့် အနာဂတ်မျက်ကပ်မှန်များကို မကြာသေးမီက တီထွင်ဖန်တီးစမ်းသပ်ခဲ့ကြသည်။

အခြားညအမြင်အာရုံမျက်မှန်များနှင့် လုံးဝမတူ ကွဲပြားစွာ စွမ်းအင်အရင်းအမြစ်မလိုအပ်ဘဲ စွမ်းဆောင်ပေးနိုင်သည့် အသုံးပြုသူများအား ထိုမျက်ကပ်မှန်များသည် အနီအောက်ရောင်ခြည် အမျိုးမျိုးကို တစ်ပြိုင်နက်တည်း ကြည့်ရှုနိုင်စေကြောင်း မေ ၂၂ ရက်ထုတ် ဆဲလ်ဂျာနယ်တွင် ဖော်ပြထားသည်။

ဖောက်ထွင်းမြင်နိုင်သောကြောင့် သာမန်အလင်းနှင့် အနီအောက်ရောင်ခြည်ကို တစ်ချိန်တည်းမြင်နိုင်သည်။ အံ့သြစရာမှာ အသုံးပြုသူများ မျက်လုံးမှိတ်ထားသည့်အခါတွင်ပင် အနီအောက် အမြင်အာရုံ ပိုမိုကောင်းမွန်စွာ အလုပ်လုပ်နိုင်ကြောင်း စမ်းသပ်တွေ့ရှိခဲ့သည်။

ယင်းမျက်ကပ်မှန်ကို အနီအောက်အလင်းမှိတ်တုတ်မှိတ်တုတ်ဖြင့် လုံခြုံရေး၊ ကယ်ဆယ်ရေး၊ လျှို့ဝှက်ကုဒ်(သို့မဟုတ်) အတုအယောင်တိုက်ဖျက်ရေးနယ်ပယ်များတွင် အချက်အလက်များ ရရှိအောင် အသုံးပြုနိုင်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံ သိပ္ပံနှင့် နည်းပညာတက္ကသိုလ်မှ အာရုံကြောသိပ္ပံပညာရှင် တီယန်ရွှေက ရှင်းလင်းပြောကြားသည်။

SCI



## Avril Lavigne ဂီတတွင် ပါရမီရှိသူ ဖြစ်

ကနေဒါပေါ့ပ်အဆိုတော် အာဗယ်လာဗင်းသည် ဂီတနှင့် ပတ်သက်၍ ပါရမီရှိသူဖြစ်သည့် အပြင် ဖက်ရှင်စတိုင်လ်ပါ ကျန်၍ အိုမင်းခြင်းကင်းကာ လူငယ်များအတွက် ရှေ့ဆောင်လမ်းပြဖြစ်ခဲ့ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အာဗယ်လာဗင်း၏ မူပိုင်ဖက်ရှင်မှာ အိုင်းလိုင်နာအကွင်းလိုက်ခြယ်၍ ဆံပင်ကို ဟိုက်လိုက်ဆိုးကာ ဂျစ်ကန်ကန်ပုံစံဖြင့် ဘောင်းဘီနှင့် စွပ်ကျယ်ဝတ်ဆင်ထားသည့် အီမိုပုံစံဖြစ်၍ လူငယ်များအကြား ရေပန်းစားခဲ့သည်။

၁၉၈၄ ခုနှစ်ဖွား ဖခင်ဂစ်တာသမား၏ ပံ့ပိုးမှုနှင့် အသက် ၁၂ နှစ်ဝန်းကျင်တွင် ဂီတာကျွမ်းကျင်၍ ၁၄ နှစ်တွင် ဒရမ်တီးနိုင်ပြီး သီချင်းစရေးခဲ့ကာ အသက် ၁၆ နှစ်တွင် တေးရေး၊ ရှေ့ထွက်အဆိုတော်ဖြစ်ခဲ့သည့် ဂီတတွင် ပါရမီရှိသူဖြစ်သည်။

အာဗယ်လာဗင်း၏ ကိုယ်ပိုင်အခွေ Let Go ထွက်ရှိကာ အောင်မြင်မှု ရရှိခဲ့ပြီး ဂရမ်မီ ဆန်ခါတင်စာရင်းဝင်ဖြစ်ခဲ့ကာ အခွေများ သန်းနှစ်ဆယ်အထိ ရောင်းအားကောင်းခဲ့ပြီး လက်ရှိအချိန်အထိ အိုမင်းမလာဘဲ ပုံစံများသာ ပြောင်းသွား၍ လူစားထိုးထားသည်ဟု ကောလာဟလထွက်ရှိလာသည်။

(SKY)

0-0-0-0-0-0



## Suga@ Minyoongi ၏ အိုင်ဒေါလ်ဘဝကို ကယ်တင်ခဲ့သူတစ်ဦးရှိ

ကမ္ဘာကျော်ဘီတီအက်စ်အဖွဲ့ဝင် ဆူဂါ(ခေါ်)မင်ယွန်းဂီ၏ အိုင်ဒေါလ်ဘဝကို ကယ်တင်ခဲ့သူတစ်ဦးရှိပြီး ဘစ်ဟစ်စီအီးအို ဘန်ဆီဟွတ်ဖြစ်ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



ဆူဂါ(ခေါ်)မင်ယွန်းဂီသည် ငယ်စဉ်ကပင် ဂီတဝါသနာပါပြီး ခြောက်တန်းနှစ်တွင် Epik High ၏ Fly သီချင်းကြောင့် ရက်ပ်ပါ အိပ်မက်ရှိခဲ့ပြီး မိသားစုဆန့်ကျင်သည့်ကြားမှ ဂီတနောက်လိုက်ခဲ့ကာ အခက်အခဲများစွာနှင့် ကြုံခဲ့ရသည်။

ဆူဂါသည် ငွေကြေးပြဿနာ၊ ရင်နင့်ဖွယ် မတော်တဆမှုတို့ကြောင့် ပွဲမထွက်မီ အိပ်မက်ပျက်စီးလုနီးဖြစ်ခဲ့ရာမှ ဘစ်ဟစ်စီအီးအို ဘန်ဆီဟွတ်၏ ထောက်ပံ့မှုနှင့် ကြိုးစားမှုကြောင့် ကမ္ဘာကျော်ဘီတီအက်စ်အဖွဲ့ဝင် ဖြစ်လာခဲ့သည်။ (SKY)

## Lucky Baskhar ကျရှုံးနေသူတစ်ဦး အနိုင်ရရှိသွားသည့် ခံစားချက်ကို ပြသထား

ဘောလိဝုဒ်ရုပ်ရှင် Lucky Baskhar မှာ အမြဲလို ကျရှုံးနေသူတစ်ဦးဖြစ်ပြီး အနိုင်ရရှိသွားသည့် ခံစားချက်ကို ဇာတ်ကွက်တစ်ခုချင်းစီ လှပအောင် ရိုက်ကူးတင်ဆက်ထားသည့် ၂၀၂၄ ခုနှစ်ထုတ် ရုပ်ရှင်ဖြစ်ပြီး IMDb 8.1 ရရှိထားကြောင်း ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်တွင် ငွေကိုင်ဘဏ်ဝန်ထမ်းလူလတ်တန်းစားတစ်ဦးအား အကြွေးပတ်လည်နှင့် မိသားစုကို ရှာဖွေကျွေးမွေးရင်း ဇနီးကိုပါ ရရှိထားပြီး အလုပ်ကြိုးစားလုပ်ကိုင်ခဲ့ရာ လက်ထောက်မန်နေဂျာနေရာ လျှာထားခံခဲ့ရသည်။

မိသားစုအတွက် အရာအားလုံးသည်းခံ၍ ရိုးသားကြိုးစားခဲ့သော်လည်း ရာထူးတိုး ပါမလာခဲ့၍ ဘဏ်၏ ဟာကွက်ကို တွေ့ရှိပြီး ချမ်းသာအောင် လုပ်ခဲ့ရာမှ "မင်းသာ သေချာဖုံးကွယ်ခဲ့ရင် ငါမလိမ်ပါဘူး" "ငါ အမှန်တရားကို ပါးနပ်စွာ ဖုံးကွယ်ခဲ့တာပဲ ရှိတယ်" ဟူ၍ အနိုင်ရရှိသွားခဲ့သည့် အကြောင်း ရိုက်ကူးတင်ပြထားသည်။

(SKY)

0-0-0-0-0-0

## Song Hye Kyo က တိုက်ခန်းဈေးနှုန်း မြင့်မားမှုနှင့် ပတ်သက်၍ တုံ့ပြန်ထား



အနုပညာရှင် ဆောင်းဟေကိုသည် တိုက်ခန်းဈေးနှုန်း အလွန်အမင်းမြင့်တက်နေမှုကို ဝေဖန်ထားသည့် ကိစ္စနှင့်ပတ်သက်၍ အနုပညာရှင်များ၏ ကြော်ငြာခကို ပါ ထည့်သွင်းထား၍ ပြန်လည်တုံ့ပြန်ထားသည့် အနုပညာရှင်ဖြစ်ခဲ့ကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လွန်ခဲ့သောလက ပါမောက္ခတစ်ဦးသည် တိုက်ခန်းဈေးနှုန်းများ အလွန်အမင်းမြင့်တက်နေမှုမှာ အနုပညာရှင်များ၏ တိုက်ခန်းကြော်ငြာဈေးနှုန်းများကြောင့်ဟု ဝေဖန် ပြစ်တင်စာပို့ခဲ့မှုအပေါ် ဆောင်းဟေကိုက ပြန်လည်တုံ့ပြန်ခဲ့ခြင်းဖြစ်သည်။

ဆောင်းဟေကိုသည် ၂၀၀၅ ခုနှစ်မှစ၍ ကြော်ငြာခတစ်နှစ်ကို ဝမ်သန်း ၆၆၀ ရရှိရာမှ စာလက်ခံရရှိပြီးနောက် တိုက်ခန်းကြော်ငြာ စာချုပ်သက်တမ်းတိုးခြင်း မပြုတော့ဟု ဆိုသည်။

ဆောင်းဟေကို၏ လူမှုရေးပြဿနာ ဂရုတစိုက်ရှုမြင်မှု၊ တာဝန်ရှိသော ဆုံးဖြတ်ချက်ချမှု၊ လူမှုအကျိုးပြုလုပ်ငန်းများ လုပ်ဆောင်၍ လက်တွေ့အကောင်အထည်ဖော်မှုတို့မှာ ၂၀၁၉ ခုနှစ် သူ၏ သဘောထားနှင့် ကိုက်ညီစွာ တုံ့ပြန်ထားကြောင်း တွေ့ရသည်။

(SKY)

0-0-0-0-0-0

# စိုက် ပျိုး ရေး က ဏ္ဍ

## ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ



**မင်းဘူး မေ ၂၇**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု) မြို့နယ်၌ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အဖြစ် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲတော်ကို မေ ၂၂ ရက် နံနက် ၇ နာရီက ဆင်ခေါင်းကျေးရွာ၌ ကျင်းပရာ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ နယ်မြေခံလေတပ်မှ ဗိုလ်ချုပ် သိန်းထွန်းဦး၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာ နိုင်ငံတစ်ဝန်းလုံး၌ သစ်တော၊ သစ်ပင်များ စိုက်ပျိုးတည်ထောင်ခြင်းအားဖြင့် ရာသီဥတုပြောင်းလဲမှုများကို လျော့ကျလာစေမှာဖြစ်ကြောင်း၊ သစ်ပင်စိုက်ပျိုးခြင်းအားဖြင့် ရာသီဥတုကို မျှတစေသည့်အပြင် မြေဆီလွှာတိုက်စားမှု လျော့ပါးသက်သာစေခြင်း၊ သားငှက်တိရစ္ဆာန်နှင့် ဇီဝမျိုးစုံမျိုးကွဲများအတွက် မှီခို ရာနေရာများ ရရှိစေခြင်း၊ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးနိုင်စေခြင်း၊ ဂေဟစနစ်များကို ညီညွတ်မျှတစေကာ ပတ်ဝန်းကျင်ဆိုင်ရာ ကောင်းကျိုးများစွာ ရရှိစေနိုင်သည့်အတွက် ယခုနှစ် မိုးရာသီတွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ သစ်ပင်များ စိုက်ပျိုးနိုင်ရန် တိုင်းဒေသကြီး သစ်တောဦးစီးဌာနက လူထုဖြန့် ပျိုးပင်ပေါင်း ၅၆၆၆၈၇ ပင်ကို အခမဲ့ဖြန့်ဝေစိုက်ပျိုးသွားရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စိုက်ပျိုးမည့် ပျိုးပင်များကို ခရိုင်နှင့်မြို့နယ်အဆင့် တာဝန်ရှိသူများထံ အသီးသီးပေးအပ်၍ ၂၀၂၅ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲတော်အဖြစ် ပိတောက်၊ ယင်းမာ၊ စိန်ပန်းနှင့် တမာပျိုးပင် စုစုပေါင်း ၁၀၃၅ ပင်ကို တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းစိုက်ပျိုးခဲ့ကြပြီး အဆိုပါဧရိယာအတွင်း သစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကန်ရေ အမြဲတမ်း ပျိုးဥယျာဉ်နှင့် ရွှေတပင် အမြဲတမ်း ပျိုးဥယျာဉ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက ပျိုးဥယျာဉ်နှစ်ခုတွင် ဘဏ္ဍာနှစ်အလိုက် နှစ်စဉ်ပျိုးထောင်ထားရှိမှု၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောများ တည်ထောင်၍ သစ်ပင်များ စိုက်ပျိုးထားရှိမှု အခြေအနေအား ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၅၀၀)



## မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**မိုင်းဆတ် မေ ၂၇**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မိုင်းဆတ်မြို့နယ် သစ်တောဦးစီးဌာနမှကြီးမှူး၍ ၂၀၂၅ ခုနှစ် မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့ နံနက် ၇ နာရီက မိုင်းဆတ်-မိုင်းခုတ်သွားကားလမ်းမဘေး၊ မိုင်းဖုန်းဆရာတော် ဘုန်းတော်ကြီးကျောင်းဝင်းတွင် ကျင်းပခဲ့သည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ဇင်မင်းထွန်းနှင့် တပ်မတော်သားများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအားလွန်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးသန်းနိုင်နှင့်ဝန်ထမ်းများ၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အဖြူရောင်လူငယ်အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၂၅၀ ဦးတက်ရောက်ကြပြီး ကျွန်းပင် ၁၀၀၊ မဲဇလီအပင် ၅၀၊ ပိတောက်ပင် ၁၀၀၊ စိန်ပန်းနီပင် ၁၀၀၊ စိန်ပန်းပြာပင် ၁၀၀ နှင့် မန်ကျည်းရှားပင် ၅၀ စုစုပေါင်း ပျိုးပင် ၅၀၀ ကို တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀-၀-၀

## မိုးရာသီ ဟင်းသီးဟင်းရွက်မျိုးစုံ ဧက ၅၀၀ ကျော် စိုက်ပျိုးမည်



**ကျွန်းလှ မေ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ၂၀၂၅ - ၂၀၂၆ ခုနှစ် မိုးရာသီ၌ ဟင်းသီးဟင်းရွက် သီးနှံမျိုးစုံ ဧက ၅၀၀ ကျော်စိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ကျွန်းလှမြို့နယ်မှာ ဟင်းသီးဟင်းရွက် သီးနှံမျိုးစုံကို ချောင်းရေ၊ မြောင်းရေနဲ့ မြေအောက်ရေတင်ပြီး နွေ၊ မိုး၊ ဆောင်းစိုက်ပျိုးကြပါတယ်။ ဒီနှစ် မိုးရာသီမှာ ဟင်းသီးဟင်းရွက် သီးနှံမျိုးစုံ စိုက်ပျိုးဖို့ ၅၁၂ ဧက လျာထားပါတယ်။ တောင်သူတွေကို စိုက်ပျိုးရေးနည်းပညာများအပြင် ထွက်ရှိတဲ့သီးနှံများ ကျန်းမာရေးနဲ့ညီညွတ်ပြီး ဓာတုကင်းလွတ်သီးနှံရရှိရေးအတွက် သဘာဝမြေဩဇာ၊ သဘာဝအားဆေး၊ ပိုးသတ်ဆေးနဲ့ ပိုးပြေးဆေးများ ပြုလုပ်သုံးစွဲရေး အသိပညာပေးသွားမှာဖြစ်ပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

ကျွန်းလှမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးအဖြစ် ခရမ်း၊ ရုံးပတီ၊ ငရုတ်၊ သခွား၊ ရွှေဖရုံ၊ ကျောက်ဖရုံ၊ ဘူး၊ ခဝဲ၊ မုန်လာထုတ်၊ မုန်လာပွင့်၊ ကိုက်လန်၊ မုန်ညင်း၊ ကြက်သွန် (ဖြူ၊ နီ) စသည့်သီးနှံများ စိုက်ပျိုးကြကြောင်း၊ မိသားစုဝင်ငွေရပြီး ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၈၀)

## မိုးကြိုပဲတီစိမ်း ယခင်နှစ်ထက် စိုက်ဧက ပိုမိုစိုက်ပျိုးနိုင်

**စစ်ကိုင်း မေ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၌ ၂၀၂၅-၂၀၂၆ စိုက်ပျိုးရာသီချိန်တွင် မိုးကြိုပဲတီစိမ်းသီးနှံကို ယခင်နှစ်ထက် စိုက်ဧကပိုမိုတိုးတက်စိုက်ပျိုးနိုင်ခဲ့ကြောင်း စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု (၅၄)အုပ်စုတွင် မိုးကြိုပဲတီစိမ်းကို ဌာနမှ ရေတင်ပေးခြင်း၊ တောင်သူကိုယ်တိုင်ရေတင်ခြင်းစသည့် ရေရရှိရေးနည်းလမ်းများကို အသုံးပြု၍ စိုက်ပျိုးလျက်ရှိကြောင်း၊ မိုးကြိုပဲတီစိမ်းကို ယခင်နှစ် ၂၀၂၄-၂၀၂၅ စိုက်ပျိုးရာသီချိန်တွင် စိုက်ဧက ၃၂၁ ဧကသာ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခုနှစ် ၂၀၂၅-၂၀၂၆ စိုက်ပျိုးရာသီချိန်တွင် စိုက်ဧက ၃၃၈ ဧက စိုက်ပျိုးနိုင်ခဲ့သဖြင့် ယခင်နှစ်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောသည်။

စစ်ကိုင်းမြို့နယ်တွင် အဓိကစိုက်ပျိုးသီးနှံတစ်မျိုးဖြစ်သော ပဲတီစိမ်းကို ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုး၊ မြေ၊ ရေ၊ နည်း စသည့် နည်းလမ်းများဖြင့် ကွင်းဆင်းအသိပညာပေး ဆောင်ရွက်လျက်ရှိပြီး စိုက်ပျိုးရာသီချိန်တွင် မျိုးစေ့များရရှိနိုင်ရေးနှင့် သွင်းအားစု(ဓာတ်မြေဩဇာ)များကို စိုက်ပျိုးသည့် ကျေးရွာများအလိုက် ပံ့ပိုးပေးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀-၀

## သစ်တောဦးစီးဌာနမှ မြို့မပျိုးဥယျာဉ်တွင် ၂၀၂၅ မိုးရာသီ၌ ဖြန့်ဝေရန် လူထုဖြန့်ပျိုးပင်များ ပျိုးထောင်ထားရှိ

**နတ်မောက် မေ ၂၇**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် သစ်တောဦးစီးဌာနမှ နတ်မောက်-မြို့သစ်ကားလမ်းဘေး မိုင်တိုင်အမှတ် (၂၇) အနီးရှိ မြို့မပျိုးဥယျာဉ်တွင် ၂၀၂၅ မိုးရာသီ၌ ပြည်သူလူထုသို့ ဖြန့်ဝေပေးရန် လူထုဖြန့် ပျိုးပင်ပေါင်း ၂၄၂၀၀ အား ကျွန်း၊ တမာ၊ ဆီသပြေ၊ စိန်ပန်းကြီး၊ စိန်တံခြူ၊ ငုရွှေဝါ၊ ယင်းမာ၊ ဖျောက်ဆိပ်၊ တပေဘူတ၊ ယူကလစ်၊ မြန်မာကုက္ကို စသည့် သစ်မျိုး ၁၁ မျိုးဖြင့် ပျိုးထောင်ထားရှိသည်။ (ယာပုံ)

ထိုသို့ ပျိုးထောင်ထားရာတွင် ဒေသတွင်း စိမ်းလန်းစိုပြည်သာယာလှပစေပြီး ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများကို ကာကွယ်နိုင်ရန်၊ သစ်တောသစ်ပင်များနှင့် သစ်တောဂေဟစနစ်များ စဉ်ဆက်မပြတ်တည်တံ့လာစေပြီး သက်ရှိများ၏ ကောင်းမွန်သော သဘာဝပတ်ဝန်းကျင်ကို ပြန်လည်ရရှိလာစေရန်၊ သစ်တောဖုံးလွှမ်းမှု မြင့်တက်လာစေရန်စသည့် ရည်ရွယ်ချက်များဖြင့် မြို့နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့၊ ဌာနဆိုင်ရာများနှင့် ပြည်သူလူထုသို့ နှစ်စဉ်ပျိုးထောင်ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။ **လှဝင်း**



# နေပြည်တော်၌ တည်ဆောက်နေသည့် ဖွဲ့နဆီစက်ရုံစီမံကိန်း လာမည့်နှစ်ဆန်းပိုင်းတွင် ပြီးစီးနိုင်

**နေပြည်တော် မေ ၂၇**

နေပြည်တော်၌ ဖွဲ့နဆီစက်ရုံ တည်ဆောက်လျက်ရှိရာ ၄လျှင် လှုပ်ခတ်ခဲ့သဖြင့် နှောင့်နှေးခဲ့ရာ လာမည့်နှစ်ဆန်းပိုင်းတွင် ဖွင့်လှစ်နိုင်ခြေရှိကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်(MRF)မှ သိရသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံအင်ဂျင်နီယာအဖွဲ့နှင့် တည်ဆောက်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေပြီး မူလရည်မှန်းထားသည့် အချိန်ထက် ၄ လခန့် ပိုမိုကြာမြင့်နိုင်သည်ဟု ဆိုသည်။

"ဒီဇင်ဘာလောက်မှ မပြီးရင် နောက်နှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီလောက်အထိ ရောက်သွားမယ်။ ဒါလည်းဆောက်လုပ်ရေးလုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းတွေ ရရှိမှု အခြေအနေပေါ်မှာလည်း မူတည်တယ်"ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံ၏ ပထမဆုံး ဖွဲ့နဆီကြမ်းနှင့် ဆီချောထုတ်စက်ရုံကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဦးဆောင်မှုဖြင့် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီမှစတင်ပြီး နေပြည်တော် ပျဉ်းမနားမြို့နယ် MA-PCO ဆန်စက်ဝင်းအတွင်း တည်ဆောက်နေခြင်း ဖြစ်သည်။

လက်ရှိမှာ ဖွဲ့နဆီစက်ရုံ တည်ဆောက်ရေးလုပ်ငန်းများ ၆၀ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီးဖွဲ့နဆီစက်ရုံမှ တစ်နှစ်လျှင် ဆီကြမ်းတန်ချိန် ၉၀၀၀ နှင့် ဆီချောတန်ချိန် ၆၃၀၀၊ စုစုပေါင်းတန်ချိန် ၁၅၃၀၀ ခန့် ထုတ်လုပ်သွားမည်ဟု သိရသည်။

နေပြည်တော်တွင် ယခုတည်ဆောက်နေသည့် ကနဦးစက်ရုံအပါအဝင် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဆီစက်ရုံပေါင်း ၁၀ ရုံ တည်ဆောက်သွားရန် အစီအစဉ်ရှိကြောင်း သိရသည်။



အဆိုပါ စက်ရုံများမှ ထွက်ရှိသည့် ဖွဲ့နဆီများကို ပြည်တွင်းဈေးကွက်တွင် အဓိကဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပြီး ပိုလျှံပါက ဂျပန်၊ တောင်ကိုရီးယားနိုင်ငံနှင့် ဥရောပနိုင်ငံများသို့ တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်- ၉)



# ရုံးလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ ရုံးစာရေးသားနည်းသင်တန်း ဖွင့်လှစ်

**ဟိုပုံး မေ ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၊ ဆီဆိုင်မြို့နယ်နှင့် ပင်လောင်းမြို့နယ်တို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများ အရည်အသွေးတိုးတက်စေရေး၊ ရုံးလုပ်ငန်းများနည်းစနစ်ကျကျ လျင်မြန်စွာဆောင်ရွက်နိုင်ရေးအတွက် ရုံးစာရေးသားနည်းသင်တန်းကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဆင့်ရုံးရှိ လူထုအခြေပြုဗဟိုဌာန (Community Centre)တွင် ယမန်နေ့နံနက်ပိုင်းက ဖွင့်လှစ်ပို့ချပေးခဲ့သည်။

သင်တန်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဆင့်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်အိအိသန်းက ယခုဖွင့်လှစ်သော သင်တန်းတွင် မြို့နယ်၊ မြို့ရုံးများ၏ ဝန်ထမ်းများ ရုံးလုပ်ငန်းနှင့်ပတ်သက်ပြီး ကျွမ်းကျင်မှုရှိစေရန် ရုံးလုပ်ငန်း၏ သဘောသဘာဝနှင့် ရုံးလုပ်ငန်းတာဝန်များကို သိရှိနားလည်ပြီး မိမိတို့ တာဝန်ယူဆောင်ရွက်ရသော ရုံးလုပ်ငန်းများကို မှန်ကန်မြန်ဆန်စွာ၊ ထိရောက်စွာ ဆောင်ရွက်နိုင်စေရေးနှင့် ဝန်ထမ်းဖြစ်လာပြီဆိုပါက ရုံးစာရေးသားနည်းကို မဖြစ်မနေ တတ်ကျွမ်းရမည်ဖြစ်သည့်အတွက် ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၊ ဆီဆိုင်မြို့နယ် ပင်လောင်းမြို့နယ်နှင့် နောင်တရားမြို့ရုံးများမှ ဝန်ထမ်းများ တက်ရောက်ခဲ့ပြီး ရုံးလုပ်ငန်းလက်စွဲပါ ရုံးလုပ်ငန်းသဘောတရား၊ ဝင်စာ၊ ထွက်စာ၊စာရွက်စာတမ်းများ လုံခြုံစွာကိုင်တွယ်ထိန်းသိမ်းခြင်း၊ ရုံးစာရေးသားနည်း၊ စာပေးစာယူ၊အစည်းအဝေးကျင်းပခြင်း၊မှတ်တမ်းတင်ခြင်း၊ လုပ်ငန်းစီမံချက်ရေးသားခြင်း၊ စာတွဲခြင်း၊ စာတွဲထိန်းသိမ်းခြင်းများကို သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(၃၆၈)

# ဌာနဆိုင်ရာဝန်ထမ်းများအား စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၇၇၀၅ နှုန်းဖြင့် ဈေးနှုန်းချိုသာစွာ ရောင်းချပေး

**မြစ်သား မေ ၂၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် Resources Group Trading Co;Ltd. နှင့် Hike Co;Ltd. များ ဦးဆောင်မှုဖြင့် ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းနှင့် ခရိုင်စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်း၍ မြစ်သားမြို့နယ်ရှိ ဌာနဆိုင်ရာ ဝန်ထမ်းများအား ဈေးနှုန်းချိုသာစွာ စားသုံးနိုင်ရန်အတွက် စားအုန်းဆီတစ်ပိဿာ ငွေကျပ် ၇၇၀၅ နှုန်းဖြင့် ယမန်နေ့ နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချရာတွင် ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ အဖွဲ့ဝင်များဖြစ်ကြသော ဒေါ်ဇာဇာအေး (မဇာ-ကုန်စုံဆိုင်၊ မြစ်သားမြို့) ဦးအောင်စိုးမိုး(ကူမဲမြို့)၊ဦးအောင်ဆန်းဝင်း (အောင်ကမ္ဘာ ဆီစက်၊ ကူမဲမြို့)၊ ဦးကိုကိုကြီး (နယူးဖန်စီဆီဆိုင်၊ ကူမဲမြို့)၊ ဒေါ်ကေသီအောင်(မြစ်သားမြို့) ဦးဟိန်းသီဟဇော်(မြစ်သားမြို့)၊ ဦးရှိုင်းဝဏ္ဏ(ရှယ်လီငွေးဆီဆိုင်၊ကူမဲမြို့) စသည့်ဆီကုန်သည် ခုနစ်ဦးတို့က ရောင်းချပေးခဲ့သည်။ မြစ်သားမြို့နယ်အတွင်းရှိ ဌာန ဆိုင်ရာ ဝန်ထမ်းများအား တစ်ဦးလျှင် နှစ်ပိဿာနှုန်းဖြင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ ၄၅ ဌာနတို့မှ အရာထမ်း၊ အမှုထမ်း စုစုပေါင်း ၂၄၇၆ ဦးတို့အား စုစုပေါင်း ဆီ ၄၉၅၂ ပိဿာအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့ကြောင်း စားသုံးသူရေးရာဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**(အောက်ပုံ) ဝါဝါမြင့်(မြစ်သား)**



# ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ အလေးထားဆောင်ရွက်လျက်ရှိ

**အောင်လံ မေ ၂၇**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့၌ ကျောင်းဖွင့်ရာသီတွင် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့်စာသင်ကျောင်းများအား ဥပမိရပ်ကောင်းမွန်စေရန်အတွက် ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို အပတ်စဉ် စနေနေ့တိုင်း အလေးထားဆောင်ရွက်လျက်ရှိသည်။ **(အောက်ပုံ)**

ထိုသို့ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာဝန်ထမ်းများ၊ ဆရာ၊ ဆရာမများက ကျောင်းဝင်းအတွင်းရှိ ပေါင်းမြက်၊ ချုံနွယ်များ၊ သစ်ရွက်ခြောက်များကို ခုတ်ထွင်ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ပြီး အမှိုက်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မော်တော်ယာဉ်ဖြင့် စနစ်တကျ သိမ်းဆည်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**



# မိုးရွာသွန်းမှုကြောင့် သစ်ပင်လဲကျနေမှုအား မီးသတ်တပ်ဖွဲ့ဝင်များက ကူညီခုတ်ထွင်ရှင်းလင်း

**ပွင့်ဖြူ မေ ၂၇**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် မိုးရွာသွန်းမှုကြောင့် မေ ၂၆ ရက် နံနက် ၈ နာရီက ပွင့်ဖြူမြို့၊ သက်တော်ရှည်ရပ်ကွက် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ ဓမ္မာရုံပေါ်သို့ သစ်ပင်လဲကျမှု ဖြစ်ပွားခဲ့ကြောင်းသိရ၍ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ချက်ချင်းသွားရောက်၍ ကူညီခုတ်ထွင်ရှင်းလင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ မိုးရွာသွန်းမှုကြောင့် အမြင့် ပေ ၈၀ ၊ ပင်စည်လုံးပတ် ၅ ပေ ၅ လက်မရှိ စိန်ပန်းပင်မှာ ရေစိမ့်ဝင်တိုက်စားပြီး ပင်စည်အမြစ်လန်ကာ သက်တော်ရှည်ရပ်ကွက် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ ဓမ္မာရုံပေါ်သို့ လဲကျပိမိခဲ့သည်။ မေ ၂၆ ရက် နံနက်ပိုင်းက ဓမ္မာရုံပေါ်သို့ လဲကျနေသော စိန်ပန်းပင်အား မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲလင်းနောင် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ဆရာတော်၊သံဃာတော်များအား အန္တရာယ်ကင်းဝေးစေရန် ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ စနစ်တကျ ခုတ်ထွင်ရှင်းလင်း ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် အဆိုပါသစ်ပင်လဲကျမှုကြောင့် ဓမ္မာရုံ အဆောက်အအုံ သွပ်မိုးအနည်းငယ် ထိခိုက်ပျက်စီးခဲ့ပြီး အခြားလူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် မိုးရာသီကာလတွင် ကြုံတွေ့ရလေ့ရှိသည့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်ပြီး ပြည်သူများ အန္တရာယ်ကင်းဝေးစေရန်အတွက် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ကူညီဆောင်ရွက်ပေးခြင်း၊ ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးခြင်းနှင့်ဇာတ်တိုက်လေ့ကျင့်သရုပ်ပြသခြင်း စသည့် သဘာဝဘေးအန္တရာယ်တုံ့ပြန်ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



(ဝဲပုံ) (၄၄၅)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေး ဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **နှစ်ပေါင်းထောင်ချီပြီး ခမ်းနားထည်ဝါစွာ ဖွံ့ဖြိုးစည်ပင်ခဲ့သည့် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အနုပညာစစ်စစ်ကို မြတ်နိုး ထိန်းသိမ်းရင်း မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ် အစဉ်ထာဝရ နိုးကြားရှင်သန် နေစေရန် အနုပညာစွမ်းပကားဖြင့် ပူးပေါင်းပါဝင်ပေးကြရန်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့တွင် ပြုလုပ်သော (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# စက်မှုဖွံ့ဖြိုးရေးကော်မရှင်၏ (၂/၂၀၂၅) လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၂၇

စက်မှုဖွံ့ဖြိုးရေးကော်မရှင်၏ (၂/၂၀၂၅) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပရာ စက်မှုဖွံ့ဖြိုးရေးကော်မရှင် ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် စက်မှုဖွံ့ဖြိုးရေး ကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



စက်မှုဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး စက်မှုဖွံ့ဖြိုးရေးကော်မရှင်၏ (၂/၂၀၂၅) လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

### စိစစ်သုံးသပ်နိုင်

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက စက်မှုဖွံ့ဖြိုးရေး ကော်မရှင် ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်မှာ ပြည်တွင်း စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် လုပ်ထုံးလုပ်နည်းနှင့် အညီ ဘက်ပေါင်းစုံမှ ဖြည့်ဆည်း ဆောင်ရွက်ပေးရန် ဖြစ်ကြောင်း၊ အဓိကအားဖြင့် ပြည်တွင်းရှိ စက်မှုလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာရေးနှင့် စက်မှုလုပ်ငန်းစီမံကိန်းအသစ်များ စနစ်တကျထူထောင်အကောင်အထည် ဖော်နိုင်ရေးဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ အနေဖြင့် နိုင်ငံပိုင်နှင့် ပုဂ္ဂလိက ကဏ္ဍတွင်ရှိသော စက်ရုံများ၊ အလုပ်ရုံများကို ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် စက်မှုလုပ်ငန်းအဖြစ် ရေရှည်ရပ်တည်နိုင်ပြီး အရည်အသွေးကောင်းမွန်သော စက်မှုထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ စက်မှုဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် One Stop Service (OSS) အစီအစဉ်ကို ထည့်သွင်းစဉ်းစားရန် လိုအပ်မည်ဖြစ်ကြောင်း၊ စက်မှုဖွံ့ဖြိုးရေးကော်မရှင်၏ လုပ်ငန်းတာဝန်(၁၆)ချက်နှင့် ပတ်သက်၍ လုပ်ငန်းတာဝန်အလိုက် ဆောင်ရွက်ရမည့် တာဝန်ခံဝန်ကြီးဌာနများလည်း သတ်မှတ်ပြီးဖြစ်ရာ သက်ဆိုင်ရာ ဝန်ကြီးဌာနများ အနေဖြင့် နိုင်ငံတော်၏ စက်မှုဖွံ့ဖြိုးရေးကဏ္ဍကို အထောက်အကူပြုနိုင်ရေးအတွက် မိမိတို့အကောင်အထည်ဖော်ပေးရမည့် လုပ်ငန်းတာဝန်အလိုက် တာဝန်ခံဌာနသို့မဟုတ် လုပ်ငန်းအဖွဲ့များဖွဲ့စည်းပြီး စနစ်တကျဆောင်ရွက်ရန်နှင့် ဆောင်ရွက်ခဲ့မှုများကို လစဉ်တင်ပြပေးစေလိုကြောင်း၊ သို့မှသာ KPI များနှင့် Target များအတိုင်း ထိရောက်စွာအကောင်အထည်ဖော်နိုင်ခြင်း ရှိ၊ မရှိ စောင့်ကြည့်အကဲဖြတ်ခြင်း (Monitoring & Evaluation) ဆောင်ရွက်မည့်ဌာနသို့ပေးပို့ပြီး စိစစ်သုံးသပ်နိုင်မည်ဖြစ်ကြောင်း။

### ဝိုင်းဝန်းဆွေးနွေး

လက်ရှိအချိန်တွင် ပြန်လည်ထူထောင်ရေးအတွက်ဆောက်လုပ်ရေးလုပ်ငန်းသုံး ဘိလပ်မြေ၊ သံမဏိ အစရှိသည့် ပစ္စည်းများ လိုအပ်လျက်ရှိရာ ပြည်တွင်း၌ တည်ဆောက်ပြီးဖြစ်သည့် စက်ရုံများကို စွမ်းအားပြည့်လည်ပတ်နိုင်ရေးပံ့ပိုးပေးရန် လိုအပ်သကဲ့သို့ စက်ရုံသစ်စီမံကိန်းများ တိုးပွားလာရေးကိုလည်း တစ်ပြိုင်နက် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ပြည်တွင်းကုန်ကြမ်းများ အသုံးပြုပြီး သွင်းကုန်အစားထိုး ထုတ်လုပ်ရန် ကြိုးပမ်းနေသကဲ့သို့ ပြည်ပမှ ကုန်ချောများ တိုက်ရိုက်တင်သွင်းခြင်းအစား တစ်ဝက်တစ်ပျက် ကုန်ချော (Semi Product) များ တင်သွင်းပြီး ပြည်တွင်း၌ ကုန်ချော (Finished-Product) များ ထုတ်လုပ်နိုင်ရေးကိုလည်း စဉ်းစား ဆောင်ရွက်ပေးစေလိုကြောင်း၊ ထိုသို့ လုပ်ဆောင်ခြင်းဖြင့် နိုင်ငံခြားငွေအသုံးပြုမှုလျှော့ချနိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများလည်း ဖန်တီးပေးနိုင်မည် ဖြစ်ကြောင်း၊ အစည်းအဝေး တက်ရောက်လာကြသည့် အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ အနေဖြင့် ဝန်ကြီးဌာနအလိုက် ဆောင်ရွက်ရမည့် အဓိက စွမ်းဆောင်ရည်ညွှန်းကိန်း (KPI) နှင့် ဦးတည်ရလဒ် (Target)များ၊ ကော်မရှင်၏ ရည်မှန်းချက်နှင့် မဟာဗျူဟာများအပေါ် ဝိုင်းဝန်း ဆွေးနွေးပေးကြရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ စက်မှုဖွံ့ဖြိုးရေး ကော်မရှင် အတွင်းရေးမှူး စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ စက်မှုဖွံ့ဖြိုးရေးကော်မရှင်သို့ တင်ပြလာသည့် အမှာစာများကိုလည်းကောင်း၊ စက်မှုဖွံ့ဖြိုးရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မန္တလေးငလျင်ကြီးကြောင့် ပျက်စီးခဲ့သည့် အဆောက်အအုံများပြန်လည်ထူထောင်ရန်အတွက် ဆောက်လုပ်ရေး လုပ်ငန်းသုံး ဘိလပ်မြေ၊ သံချောင်းလုံးနှင့် Steel Structure များ လိုအပ်မှု၊ ပြည်တွင်း ဘိလပ်မြေစက်ရုံများနှင့် သံမဏိစက်ရုံများ၏ ထုတ်လုပ်မှု၊ ကုန်ကြမ်းလိုအပ်မှုနှင့် ဘိလပ်မြေနှင့် သံချောင်းလုံး တင်သွင်းရမည့် အခြေအနေတို့ကို လည်းကောင်း၊ တက်ရောက်လာကြသည့် စက်မှုဖွံ့ဖြိုးရေးကော်မရှင် အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနအလိုက် ဆောင်ရွက်နေသည့် လုပ်ငန်းများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် စက်မှုဖွံ့ဖြိုးရေး ကော်မရှင်ဥက္ကဋ္ဌက စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုအရေးပါသော အခြေခံအထောက်အပံ့ကောင်းဖြစ်ခြင်းကြောင့် အဖွဲ့ဝင် ဝန်ကြီးဌာနများ အနေဖြင့် မိမိတို့သက်ဆိုင်ရာ ကဏ္ဍအလိုက် မြန်မြန်ဆန်ဆန် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ နိုင်ငံပိုင် စက်မှုလုပ်ငန်းများ အတွက်ဖြစ်စေ၊ ပုဂ္ဂလိကစက်မှုကဏ္ဍအတွက်ဖြစ်စေ ခွင့်ပြုမိန့်များတောင်းခံလာပါက ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးနည်းများနှင့်အညီ သက်ဆိုင်ရာဌာနများက မြန်ဆန်စွာ ဆောင်ရွက်ပေးရန် အဓိက မှာကြားလိုကြောင်း၊ နိုင်ငံတော်၏ စက်မှုကဏ္ဍတွင် အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်း ဆောင်ရွက်မှုဖြင့် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်အောင် ထိထိရောက်ရောက် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရန် လိုကြောင်း ပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## "ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း" သုံးသပ်ဆွေးနွေးပွဲ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် မေ ၂၇

ပြန်ကြားရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၊ မြန်မာ့ပုံနှိပ်ဖော်ညွှန်းရေးအဖွဲ့(MNTT)တို့ ပူးပေါင်း၍ "ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေးပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း"သုံးသပ်ဆွေးနွေးပွဲကို မေ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်တွင် ကျင်းပသွားမည်ဖြစ်သည်။

စာမျက်နှာ ၇ သို့ ○